# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း (၁၃) ရက် ၊ တနင်္လာနေ့ ၊ (1-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၀၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**နေပြည်တော် မေ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား–**

ယနေ့အချိန်အခါသမယသည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများကို ဂုဏ်ပြုသည့်နေ့ထူးနေ့မြတ်ဖြစ်သော အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားထုကြီးတစ်ရပ်လုံးနှင့်အတူ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့်

**စာမျက်နှာ ၁၇ ကော်လံ ၂ ☞**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်နေမှုများကို ပခုက္ကူမြို့နှင့် ရေစကြိုမြို့မှ ပင့်ဖိတ်ထားသော ဆရာတော်ကြီးများ လေ့လာဖူးမြော်ကြည်ညို



**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပခုက္ကူမြို့ သာသနဝိပုလာရာမ(အနောက်တိုက်)မှ

**စာမျက်နှာ ၁၆ ကော်လံ ၁ ■**

**ဆရာတော်၊ သံဃာတော်ကြီးများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှု အခြေအနေများကို လှည့်လည်လေ့လာ ဖူးမြော်ကြည်ညိုစဉ်။**

## အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။




၂၀၂၃ ခုနှစ် မေ ၁ ရက်

အယ်ဒီတာ့အာဘော်

# ပြည်သူ့ဝန်ဆောင်မှုမီဒီယာ ၃၁ နှစ်ပြည့် ရတနာပုံသတင်းစာ

ရတနာပုံသတင်းစာကို ၁၉၉၂ ခုနှစ် မေလ ၁ ရက်မှစတင်ထုတ်ဝေရာ ယနေ့တွင် ၃၁ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ၃၁ နှစ်တာကာလအတွင်း စာဖတ်သူတို့အတွက် သတင်းနှင့် စာပေကဏ္ဍစုံလင်စွာ စဉ်ဆက်မပြတ် ဖော်ပြပေးနိုင်ခဲ့သည်။

တိုးတက်နေသော ယနေ့ခေတ်ကို မီဒီယာခေတ်ဟု ခေါ်ဆိုနေကြသည်။ မီဒီယာတွင် ပုံနှိပ်မီဒီယာနှင့် အီလက်ထရွန်နစ်နည်းပညာသုံး မီဒီယာဟူ၍ နှစ်မျိုးရှိသည့်အနက် ယနေ့ ပုံနှိပ်မီဒီယာများသည် အခက်အခဲမျိုးစုံကိုရင်ဆိုင်ကာ ပြည်သူအတွက် ကြိုးစားရပ်တည်၍ ထုတ်ဝေလျက်ရှိသည်။

လူသားများသည် အသက်ရှင်ရပ်တည်ရန် အာဟာရများကို နေ့စဉ်စားသုံးရသကဲ့သို့ နေ့စဉ်ပြောင်းလဲနေသော လူမှုပတ်ဝန်းကျင်နှင့် အမြဲမပြတ်ထိတွေ့သိရှိရန်အတွက် လူမှုဘဝကို ထင်ဟပ်ဖော်ပြလျက်ရှိသော သတင်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာသတင်းများကို နေ့စဉ်ဖတ်ရှုကြရမည်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် ပုံနှိပ်မီဒီယာထက် အီလက်ထရွန်နစ်နည်းပညာသုံး မီဒီယာများက ထိုးဖောက်နေရာယူနေသော်လည်း မှန်ကန်တိကျသော သတင်းများကို ဖော်ပြပေးနေသည့် နေ့စဉ်ထုတ်သတင်းစာများလည်း မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် သတင်းစာသည် ပြည်သူလူထုအတွက် အရေးပါသောကဏ္ဍဖြစ်နေဆဲဖြစ်သည်။

ရတနာပုံသတင်းစာအနေဖြင့် ၂၀၂၃ ခုနှစ် မေလ ၁ ရက်ထိ ၃၁ နှစ်ကာလကို လွယ်ကူစွာဖြတ်သန်းခဲ့ခြင်းမဟုတ်ပေ။ အခက်အခဲ အကျပ်အတည်းများကို စာတည်းမှူးချုပ်မှ ဖြန့်ချိဝန်ထမ်းထိ အဆင့်ဆင့် ညီညီညွတ်ညွတ်နှင့် ရှုန်းကန်ကျော်ဖြတ်ခဲ့ရသည်။ ထို့ကြောင့် ယနေ့အချိန်ထိ ပြည်သူ့လက်ဝယ်ရောက် ရတနာပုံသတင်းစာအဖြစ် ကောင်းစွာရှင်သန် ရပ်တည်နေနိုင်ခြင်းဖြစ်သည်။

ရတနာပုံသတင်းစာသည် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသော တာဝန်များကို ထမ်းဆောင်မှုနှင့်အညီ အယ်ဒီတာ့အာဘော်၊ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ၊ ဝတ္ထုတိုကဏ္ဍများ၊ ကလေးစာပေကဏ္ဍ၊ နိုင်ငံတော်အဆင့် သတင်းများ၊ နယ်သတင်းများဖြစ်သည့် ကျေးလက်စိုက်ပျိုးမွေးမြူရေးသတင်းများ၊ နိုင်ငံတကာသတင်းများ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာ အားကစားသတင်းများနှင့် ဘောလုံးပွဲအကြိုသုံးသပ်ချက်များ၊ နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ၊ နိုင်ငံတကာ အနုပညာသတင်းများ၊ မန္တလေးကုန်စည်ဈေးနှုန်းနှင့် မြေဈေးကွက်၊ ကား၊ ဆိုင်ကယ်ဈေးကွက်၊ ရွှေဈေးကွက်သတင်းများကို ကဏ္ဍစုံစွာ ဖတ်ရှုနိုင်သည်။ ထို့ပြင် အရေးကြီးသတင်းများနှင့် ကြေညာချက်များကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသည်မှာလည်း ရတနာပုံသတင်းစာ၏ ထူးခြားချက်ပင်ဖြစ်သည်။

ထိုသို့ ကောင်းမွန်သောအင်္ဂါရပ်များနှင့်ပြည့်စုံသည့် ရတနာပုံသတင်းစာသည် ပြည်သူ၏လိုလားချက်၊ ပြည်သူ၏ဘဝကို ကိုယ်စားပြုလျက် ပြည်သူဘက်မှနေ၍ နိုင်ငံတော်နှင့် ပြည်သူကြားပေါင်းကူးပေးသည့် သတင်းစာတစ်စောင်ဖြစ်ကြောင်း တွေ့နိုင်သည်။ ထို့ပြင် ရတနာပုံသတင်းစာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်နှင့်အညီ စာနယ်ဇင်း၏ အဓိကတာဝန်များကို ကျေပွန်စွာထမ်းဆောင်လာခဲ့သည်မှာ (၃၁) နှစ်ပြည့်မြောက် ခရီးပေါက်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ ခေတ်အဆက်ဆက် အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်လျက် ပြည်သူတို့ မျက်စိပွင့်၊ နားပွင့်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ရတနာပုံသတင်းစာသည် ပြည်သူတို့ထံ သတင်းမှန်များကို မပြတ်ပြန်ကြားပေးနေမည်ဖြစ်သလို မှန်ကန်မှုတသော ပြည်သူ့ဝန်ဆောင်မှုမီဒီယာ ရတနာပုံသတင်းစာအဖြစ် ဆက်လက်ထမ်းဆောင်ရင်း စာဖတ်သူပြည်သူတို့နှင့်အတူ ရှေ့ခရီးနှစ်ပေါင်းများစွာကို အတူလက်တွဲလျက် မှန်မှန်ချီတက်သွားကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၃၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၀၂၇၈၃ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေး တောင်တော်မှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီးလေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်နိုင်ပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေထားရှိပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကြည့်ရှုခံစားကြပါတယ်။ ကဆုန်လပြည့်နေ့မှာလဲ ညောင်ရေသွန်းပွဲတော်ကို စည်ကားစွာကျင်းပသွားပါမယ်" ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၆၄၁ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၉၉၅၀၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၂၆၄၀ လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်လာ

**မန္တလေး မေ ၃၀**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေး မြင့်တက်လာသဖြင့် ပြည်တွင်းရွှေဈေးလည်း မြင့်တက်လာပြီး အရောင်းအဝယ်အနေဖြင့် ပုံမှန်အခြေအနေတွင်သာ ရှိနေကြောင်း သိရသည်။

"လက်ရှိ ပြည်တွင်းရွှေဈေးကွက်မှာတော့ အရောင်းအဝယ်ပိုင်းက ပုံမှန်အခြေအနေမှာပဲ ရှိပါတယ်" ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၈၁ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၉၉၆ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၈၀ ထိ အနိမ့်ဆုံးကျဆင်း၍ ၁၉၈၉ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

မေ ၂၃ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၈၂ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၉၀၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

မေ ၂၉ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၈၆ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၉၆၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၃၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၈၅ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၉၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန် ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

# မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ မတ္တရာ၊ ကသာနှင့် ဗန်းမော်သို့ ရေယာဉ်ဖြင့်လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ များပြားလာ

**မန္တလေး မေ ၃၀**

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ မတ္တရာ၊ ကသာနှင့် ဗန်းမော်သို့ ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိက ရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှာ ကုန်စည်အမျိုးမျိုးကို တင်ပို့သည့် ဆိပ်ကမ်းတစ်ခု ဖြစ်သည့်အပြင် ခရီးသည်များလိုက်ပါစီးနင်းမှု များပြားသည့် ဆိပ်ကမ်းတစ်ခုလည်းဖြစ်ကြောင်း၊ ယခုအခါ ဂေါဝိန်ဆိပ်ကမ်းမှ မတ္တရာ၊ ကသာနှင့် ဗန်းမော်ဘက်သို့ ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ ပိုမိုများပြားလာကြောင်း သိရသည်။

"ဧပြီလတတိယပတ်က ဂေါဝိန်ဆိပ်ကမ်းကနေ ခရီးသည်လိုက်ပါစီးနင်းမှုက အနည်းအကျဉ်းလောက်ပဲရှိတယ်။ အခုက မန္တလေးကနေ မတ္တရာ၊ ကသာနဲ့ ဗန်းမော်ဘက်ကို လုပ်ငန်းကိစ္စတွေနဲ့ခရီးသွားတဲ့ ခရီးသည်တွေ ပြန်ပြီးများပြားလာတယ်" ဟု ဦးဝင်းမောင်က ပြောပြသည်။

ဂေါဝိန်ဆိပ်ကမ်းမှ မတ္တရာ၊ ကသာနှင့် ဗန်းမော်ဘက်သို့ ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ ဧပြီလ တတိယပတ်က တစ်ရက်လျှင် ဦးရေ ၁၅၀ ကျော်သာရှိကြောင်း၊ ဧပြီလနောက်ဆုံးပတ်တွင် ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

မန္တလေး ဂေါဝိန်ဆိပ်ကမ်းတွင် ခရီးသည်လိုက်ပါစီးနင်းသည့် ရှပ်ပြေးအမြန်ရေယာဉ်များ အပါအဝင် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက် စသည့်ကုန်စည်များကိုတင်ပို့သည့် ကုန်တင်သင်္ဘော စုစုပေါင်း အစီးရေ ၂၀၀ ကျော်ထိရှိကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဘုတ်ပြင်းမြို့နယ်၌ စီမံကိန်းကျေးရွာများရွေးချယ်ပွဲ ကျင်းပ

**ဘုတ်ပြင်း ဧပြီ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) နှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်/မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေးက ကျေးရွာများတွင် လမ်းများကောင်းမွန်စေရန်၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိစေရန်နှင့် ကျေးလက်နေပြည်သူများ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရန် အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းကျေးရွာများရွေးချယ်ရာတွင် လိုက်နာရမည့် မူဝါဒများ၊ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အမှန်တကယ် ဆောင်ရွက်လိုသည့် ကျေးရွာများကို ဦးစားပေးရွေးချယ်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်/မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေး၊ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကျေးရွာတစ်ရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ကျေးရွာငါးရွာ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်မည့် ကျေးရွာတစ်ရွာနှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဆောင်ရွက်မည့် ကျေးရွာတစ်ရွာတို့ကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်/မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေး၊ စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ်ဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်သင်းရွှေမိသားစုက ဦးအိုက်ဟုန်အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ စိမ့်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုက်ဦးမြဝင်းနှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# ဖျာပုံမြို့နယ်တွင် ကွမ်းသီးအစို အလုံး ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေ



**ဖျာပုံ ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ကွမ်းသီးအစို အလုံး ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဝင်းက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ပြီးခဲ့သည့် မတ်လအတွင်းက ကွမ်းသီးအစို အလုံး ၁၀၀ လျှင် ငွေကျပ် ၆၅၀၀ ထိသာဈေးရရှိခဲ့ပြီး ဧပြီလ ပထမပတ်မှ ယနေ့ထိ ကွမ်းသီးအစို အလုံး ၁၀၀ လျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိ ဒေသထွက် ကွမ်းသီးအစိုတွေ အထွက်နှုန်းနည်းလာတာကြောင့် ဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ ဖျာပုံမြို့က ကွမ်းသီးအစိုက လိုသလောက်မရတဲ့ထိကို အရောင်းအဝယ်ဖြစ်နေတယ်။ ဧပြီလ ပထမပတ်ကနေ စတင်ဈေးကောင်းရရှိနေတာပါ။ လက်ရှိကွမ်းသီးအစို အလုံး ၁၀၀ ကို ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ ပြီးခဲ့တဲ့လတွေက အခုလောက် ကွမ်းသီးဈေးကောင်းမရရှိခဲ့ပါဘူး။ ဖျာပုံမြို့နယ်မှာ ကွမ်းသီးအရည်သောက်အနုသီးတွေ အဝယ်များလာတော့ အရင့်သီးတွေ ရှားလာပြီး ဈေးကောင်းလာတာဖြစ်ပါတယ်။ ဖျာပုံမြို့ကထွက်တဲ့ ကွမ်းသီးတွေကို ပုသိမ်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်" ဟု ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးများကို ဒေသကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ပုသိမ်မြို့နှင့်ရန်ကုန်မြို့သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖျာပုံမြို့နယ်တွင် ကွမ်းသီးပင်ကို စီးပွားဖြစ်သီးသန့်စိုက်ပျိုးသူများလည်းရှိပြီး အိမ်ခြံကွက်များတွင်လည်း စိုက်ပျိုးကြကြောင်း ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မကွေးမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ညောင်ပင်သာကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်ဇင်လတ်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ညောင်ပင်သာကျေးရွာ၌ ကျေးရွာအဝင် မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်ဇင်လတ်က လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ညောင်ပင်သာကျေးရွာ၌ လမ်းအရှည်ပေ ၈၄၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် တစ်ပေရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ယာဉ်၊ စက်ယန္တရားအကူအညီ၊ နည်းပညာအကူအညီ၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၈၀ ဖြင့် ၂၀၂၂ ခုနှစ် ဧပြီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာအဝင် မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ညောင်ပင်သာကျေးရွာရှိ အိမ်ခြေ ၃၆၀၊ လူဦးရေ ၁၆၅၀ တို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး သွားလာနိုင်ပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးအောင်ဇင်လတ်က ပြောပြ၍ သိရသည်။

**သုသု**

# မိုးညှင်းမြို့နယ်၌ စီမံကိန်းကျေးရွာများရွေးချယ်ပွဲ ကျင်းပ

**မိုးညှင်း ဧပြီ ၃၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၊ ကျေးလက်စီးပွားရေးမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကျေးရွာများ ရွေးချယ်ပွဲကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်နှင့် မိုးညှင်းမြို့နယ် စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကိုတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စီမံကိန်းကျေးရွာများ ရွေးချယ်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းကျေးရွာများ ရွေးချယ်ရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်လိုသည့် ကျေးရွာများကို ဦးစားပေးရွေးချယ်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်နှင့် မိုးညှင်းမြို့နယ် စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကို၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာလေးရွာ၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကျေးရွာသုံးရွာ၊ RBF စီမံကိန်း ကျေးရွာသုံးရွာ၊ VDP စီမံကိန်း ကျေးရွာခုနစ်ရွာတို့ကို သတ်မှတ်ထားသည့် စီမံကိန်းကျေးရွာများ ရွေးချယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**သက်မာ**



# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# တက်ခေတ် နီတိ

- လူဖြစ်လာရ ဒုလ္လဘဝယ်
လောကလူ့ရွာ ခေတ်ရေးသာဖို့
အောက်ပါနှစ်ခု ကျေအောင်ပြု။

- ဆရာမိဘ အနန္တဟု
ဦးချရင်မှာ လေးမြတ်ပါလျှင်
ဆရာမိဘ စွမ်းသမျှထက်
ကိုယ်ကသာအောင် ကြိုးကုတ်ဆောင်လျက်
လူ့ဘောင်လူ့ခွင့် မြတ်စေသင့်။

- မျိုးဆက်အသစ် တိုးတက်လှစ်မည့်
ချစ်တပည့်များ သမီးသားတို့
စီးပွားပညာ ကိုယ့်ထက်သာအောင်
လိမ္မာတတ်ပွန် ကိုယ့်ထက်ချွန်အောင်
အမွန်အမြတ် ဝန်တစ်ရပ်ဟု
စွဲအပ်ခံယူ ခေတ်ကိုထူ။

- လူဖြစ်လာရ ဒုလ္လဘဝယ်
ဘဝဂုဏ်ရည် လူသားပီရေး
ဤသည်နှစ်ခု ကျေအောင်ပြုလျက်
သာခုခံယူ နိုင်ပါစေ။ ။

**ချစ်ရအောင်**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပဲကြီးကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၉၈ သန်းဖိုး တင်ပို့နိုင်ခဲ့

**နေပြည်တော် မေ ၃၀**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပဲကြီးကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၉၈ သန်းဖိုး တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပဲကြီးကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂၈ သန်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၁၇ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၉၈ သန်းဖိုး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း မေ ၁ ရက်မှ ၂၁ ရက်ထိ သုံးပတ်တာ ကာလအတွင်းတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၇၇ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှအမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၅ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

ပဲကြီးသည် ပြည်တွင်းစားသုံးမှုများသည့် ပဲအမျိုးအစားဖြစ်ပြီး စားသုံးသူဈေးကွက်များမှ ဝယ်လိုအားရှိနေသည့်အပြင် လက်ဖက်လုပ်ငန်းနှင့် သရေစာဈေးကွက်များ၊ လှော်လက်ကုန်သည်များ၏ ဝယ်ယူမှုများလည်း ရှိနေသဖြင့် ဈေးကွက်တွင်ကျယ်နေသည့် ပဲအမျိုးအစားဖြစ်ကြောင်း၊ တရုတ်ဈေးကွက်မှ ဝယ်ယူလိုအား မြင့်တက်နေသည့်အပြင် အကြော်ဖိုလုပ်ငန်း၊ လက်ဖက်လုပ်ငန်းများ၏ ဝယ်ယူမှုလည်းရှိနေသဖြင့် ပြည်တွင်း ပဲကြီးဈေးကွက်များတွင် ပဲကြီးလက်ကျန် နည်းပါးသွားနေကြောင်း၊ ထို့ကြောင့် ပြည်တွင်း ပဲကြီးဈေးကွက်သွက်လက်လှုပ်ရှားလာပြီး ဈေးနှုန်းများမြင့်တက်လာကြောင်း၊ သကြိန်မတိုင်မီက ပဲကြီးပိဿာ ၂၀ တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ ဈေးရှိသော်လည်း ယခုအခါ ပဲကြီးပိဿာ ၂၀ တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ဈေးထိ ရှိလာကြောင်း သိရသည်။

SKL

➤ စာမျက်နှာ ၄ မှအဆက်

ဖြစ်ပျက်ပုံထင်ရှားထူးခြားမှု ရှိ၊ မရှိနှင့် အများကို ဆွဲဆောင်မှု၊ စိတ်ဝင်စားစေမှု ရှိ၊ မရှိ စသည့် အချက်များနှင့်ပြည့်စုံမှသာ တန်ဖိုးရှိသည့်သတင်းတစ်ပုဒ်ဖြစ်လာမည်ဖြစ်သဖြင့် တန်ဖိုးရှိမည့်သတင်းများကို စိစစ်ရွေးချယ်ဖော်ပြရသည်။

သတင်းစာတွင် သတင်းများချည်း ဖော်ပြပါက စာဖတ်ပရိသတ်အပေါ် ဆွဲဆောင်မှုလျော့ကျသွားသည်။ ထို့ကြောင့် ကဏ္ဍစုံလင်အောင်ထည့်သွင်းဖော်ပြနိုင်ရေးအတွက် ကြိုးပမ်းရခြင်းသည် အပြောလွယ်သလောက် အလုပ်တွင်မလွယ်ကူလှပါ။

ယနေ့ ရတနာပုံသတင်းစာတွင် အယ်ဒီတာ့အာဘော်၊ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ၊ ဝတ္ထုတို စသည့် ကဏ္ဍများစုံလင်စွာဖတ်ရှုရသည်။ သတင်းအပိုင်းတွင် နိုင်ငံတော်အဆင့်သတင်းများ၊ နယ်သတင်းများ၊ နိုင်ငံတကာသတင်းများကို ဖတ်ရှုနိုင်သကဲ့သို့ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နိုင်ငံတကာအားကစားသတင်းများ၊ နိုင်ငံတကာဘောလုံးပြိုင်ပွဲ ပွဲကြိုသုံးသပ်ချက်များ၊ နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ၊ ကျေးလက်ဒေသစိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာသတင်းများ၊ နိုင်ငံတကာအနုပညာသတင်း၊ မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ၊ မန္တလေးမြေဈေးကွက်၊ မန္တလေးကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက် စသည့်ကဏ္ဍမျိုးစုံကို သတင်းစာတစ်စောင်တည်းမှာပင် အားပါးတရစုံလင်အောင်ဖတ်ရှုရသည်။ ထူးခြားသတင်းများနှင့်ကြေညာချက်များကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားခြင်းမှာလည်း ရတနာပုံသတင်းစာ၏ ထူးခြားချက်ဖြစ်သည်။ လူတန်းစားအလွှာစုံဖတ်ရှုနိုင်သည်။

ဆောင်းပါးကဏ္ဍတွင် အတွေ့အကြုံရှိသည့် ဝါရင့်စာရေးဆရာကြီးများ၏ ဆောင်းပါးများ၊ ကျန်းမာရေးဆိုင်ရာနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆောင်းပါးများကိုလည်း ဖတ်ရှုမှတ်သားရသည်။ ကလေးစာပေကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်၊ တစ်ပတ်အတွင်း မန္တလေးမြေဈေးကွက်၊ ရွှေဈေးကွက်များကို ထည့်သွင်းဖော်ပြပေးထားသဖြင့် စာဖတ်ပရိသတ်များ စောင့်မျှော်ဖတ်ရှုလျက်ရှိကြသည်။




**၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ထုတ်ဝေခဲ့သည့် ရတနာပုံနေ့စဉ်သတင်းစာကို တွေ့ရစဉ်။**

သတင်းစာတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများသည် အခြားစာနယ်ဇင်းထုတ်ဝေသည့်ဌာနများနှင့် မတူညီကြ။ အချိန်ယူအချိန်ဆွဲ၍ လုပ်ကိုင်မရသကဲ့သို့ လုပ်ငန်း၏သဘောသဘာဝများကလည်း မတူညီ။ ထူးခြား၍လတ်ဆတ်သော သတင်းများကို ဖော်ပြနိုင်ခြင်းသည် သတင်းစာတစ်စောင်၏ အသက်သွေးကြောဖြစ်၍ ဝီရိယပိုမိုစိုက်ထုတ်ရသည်။ စာတည်းမှူးချုပ်မှအစ စာတည်း၊ စာပြင်၊ ပုံနှိပ်၊ ဖြန့်ချိ စသည့် ဝိုင်းတော်သားအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရသည်။ တာဝန်ကြီးသည်၊ အချိန်ပေးရသည်၊ စေတနာထားကြရသည်။ စာဖတ်ပရိသတ်ကို မျက်နှာမူပြီး တက်ညီလက်ညီနှင့် အာရုံနှစ်မြှုပ်လုပ်ကိုင်ကြရသည်။ သူတို့၏ စေတနာထားမှု၊ အားထုတ်မှု၊ ကြိုးစားမှုများသည် အရည်အသွေးပြည့်မီသည့် သတင်းစာတစ်စောင်အဖြစ် ရပ်တည်လျက်ရှိသည်။ သတင်းစာတစ်စောင်၏ အရည်အချင်းပြည့်ဝမှု၊ မီဒီယာကျင့်ဝတ်(Media Ethic)နှင့်ညီညွတ်မှု၊ ရတနာပုံသတင်းစာ၏ ကိုယ်ပိုင်ဟန်(House Style)များကို ထိန်းသိမ်းဆောင်ရွက်နိုင်မှုများကြောင့် ခိုင်ခိုင်မာမာ ရပ်တည်နေသည်ဟု ဆိုချင်ပါသည်။

၁၉၉၂ ခုနှစ် စတင်ထုတ်ဝေစဉ်က ပြည်တွင်းဖြစ်ဘားပြာစက္ကူပေါ်တွင် ခဲစာလုံးနှင့်စာစီ၍ လက်ထိုးပုံနှိပ်စက်ဖြင့် တစ်နေ့စောင်ရေ ၁၂၅၀၀ သာ ရိုက်နှိပ်ဖြန့်ချိခဲ့ရသည့် ရတနာပုံသတင်းစာသည် ယနေ့ကာလတွင် ကွန်ပျူတာစာစီ၍ စာမျက်နှာ ၃၂ မျက်နှာဖြင့် ရောင်စုံသတင်းစာအဖြစ် တိုးတက်ပြောင်းလဲခဲ့ပြီဖြစ်သည်။ ရတနာပုံသတင်းစာပရိသတ်များပေါ် စေတနာထားမျက်နှာမူကြိုးစားခဲ့ခြင်းကြောင့် စာဖတ်ပရိသတ်များက လက်ခံအားပေးနေကြကြောင်းကိုလည်း ဝမ်းသာဖွယ်သတင်းစကားများကြားနေရသည်။

အချိန်ကာလသည် မရပ်မနားပြောင်းလဲနေသည်။ ပြောင်းလဲနေသည့် အချိန်ကိုအမီလိုက်၍ အားထုတ်သည့် လုပ်ငန်းတိုင်းသည် အောင်မြင်မှုကို မလွဲမသွေရရှိမည်သာဖြစ်သည်။ ၃၁ နှစ်ဆိုသည့် အချိန်သည်ကြာသည်ဟု ပြောနိုင်သလို မကြာသေးပါဟုလည်းပြောနိုင်သည်။ သို့သော် ၃၁ နှစ်တာဖြတ်သန်းခဲ့သည့် အချိန်များသည် အတွေ့အကြုံများစွာကို မွေးဖွားပေးသည်။ ၎င်းအတွေ့အကြုံများကို အရင်းအနှီးပြုကာ တီထွင်ဖန်တီးနိုင်မှုများနှင့်ပေါင်းစပ်၍ တိုးတက်အောင်မြင်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ကြိုးပမ်းမှုများနှင့်အတူ အရည်အသွေး၊ အရည်အချင်းပြည့်ဝသည့် ရတနာပုံသတင်းစာအဖြစ် ရပ်တည်လာနိုင်သည်။ ၃၁ နှစ်ပြည့် ရတနာပုံသတင်းစာ၏ နှစ်ပတ်လည်နေ့မှ နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးကို ဆက်လက်သယ်ပိုးရင်း တိုးတက်အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ပါစေဟု ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ရုရှားသံရုံးစာသင်ကျောင်း ပိုလန်သိမ်းယူမှုပြင်းထန်စွာတုံ့ပြန်မည်ဟု ရုရှားသတိပေး



**မော်စကို မေ ၃၀**

ဝါဆောမြို့ရှိ ရုရှားသံရုံးစာသင်ကျောင်းသိမ်းယူခံရမှုကို ပြင်းပြင်းထန်ထန် တုံ့ပြန်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံက ပိုလန်နိုင်ငံကို မေ ၂၉ ရက်တွင် သတိပေးလိုက်သည်။

အဆိုပါသံရုံးစာသင်ကျောင်းအား ပိုလန်အာဏာပိုင်များက သိမ်းယူမှုကို သံတမန်ဆက်ဆံရေးဆိုင်ရာ ဂျီနီဗာကွန်ဗင်းရှင်းပြဋ္ဌာန်းချက်များကို ချိုးဖောက်မှုအဖြစ် ရုရှားနိုင်ငံက ဝေဖန်ထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဝါဆောမြို့ကိုကီလက်ကာလမ်းပေါ်ရှိ ရုရှားသံရုံးစာသင်ကျောင်းကို ဝါဆောမြို့တာဝန်ရှိသူများက တရားရုံးညွှန်ကြားချက်အရ မေ ၂၉ ရက်တွင် သိမ်းယူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရုရှားသံရုံးစာသင်ကျောင်းတည်ရှိရာအဆောက်အအုံသည် ပိုလန်၏ နိုင်ငံတော်ပိုင်အဆောက်အအုံဖြစ်ကြောင်း ဝါဆောမြို့တာဝန်ရှိသူများက ပြောကြားထားသည်။

သို့သော် ရုရှားသံရုံးစာသင်ကျောင်းအသိမ်းခံရမှုကို ၁၉၆၁ ခုနှစ် သံတမန်ဆက်ဆံရေးဆိုင်ရာ ဂျီနီဗာကွန်ဗင်းရှင်းအား ပြောင်ပြောင်တင်းတင်းချိုးဖောက်မှုအဖြစ် ရုရှားနိုင်ငံက သတ်မှတ်ထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ပိုလန်တာဝန်ရှိသူများ၏ အဆိုပါလုပ်ရပ်ကို မိမိတို့ပြင်းထန်စွာတုံ့ပြန်မည်ဟုရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

KKO

# နိုင်ငံတကာ သတင်းများ

## ပြန်ပေးဆွဲထားသည့် ကလေး ၇၄ ဦးကို နိုင်ဂျီးရီးယားတောပုန်းများ ပြန်လွှတ်

**အဘူဂျာ မေ ၃၀**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဇမ်ဖာရာပြည်နယ်မှ တောပုန်းဓားပြများသည် ယခုလအစောပိုင်းတွင် ပြန်ပေးဆွဲခဲ့သည့် လူဦးရေ ၈၀ ကျော်အနက် ကလေး ၇၄ ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက မေ ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

တောပုန်းဓားပြများ တောင်းဆိုထားသည့် ပြန်ပေးရွေးငွေကိုပေးခဲ့ပြီးနောက် ပြန်ပေးဆွဲခံထားရသူများအနက် ကလေး ၇၄ ဦး ပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။

မိဘများ၏ အဆိုအရ ကလေးများ ပြန်လွှတ်လာရန် ကလေးတစ်ဦးစီအတွက် ပြန်ပေးရွေးငွေအဖြစ် နိုင်ရာငွေ ၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅၀ ဒေါ်လာ)ပေးခဲ့ရသည်။

ပြီးခဲ့သည့် နှစ်များအတွင်း နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ လက်နက်ကိုင်တောပုန်းဓားပြများသည် လူနေဒေသများကို တိုက်ခိုက်၍ လုယက်မှုနှင့် ပြန်ပေးဆွဲမှုများ ကျူးလွန်ခဲ့ကြသည်။

တောပုန်းများသည် ပြန်ပေးရွေးငွေမရသေးပါက ၎င်းတို့ ပြန်ပေးဆွဲထားသူများကို တောတောင်များအတွင်း အချိန်ကာလနှင့်ချီ၍ ထိန်းသိမ်းထားတတ်သည်။

ယင်းသို့ နိုင်ဂျီးရီးယားအနောက်မြောက်ပိုင်း၌ တောပုန်းများ ထကြွနေချိန်တွင် နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း၌ အစွန်းရောက်လက်နက်ကိုင်ပုန်ကန်မှုရှိကြောင်း သိရသည်။

KKO

## အိန္ဒိယမြောက်ပိုင်း၌ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူပေါင်း ၁၁ ဦးသေဆုံး

**ဒေလီ မေ ၃၀**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ပန်ဂျပ်ပြည်နယ် လူဒီအာနာမြို့၌ ယနေ့တွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၁ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လူဒီအာနာမြို့ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်စဉ်အတွင်း လူကိုးဦးကိုလည်း ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးနေရကြောင်း ပန်ဂျပ်ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရခြင်း၏အကြောင်းအရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ပန်ဂျပ်ပြည်နယ်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ဓာတ်ငွေ့ယိုစိမ့်မှုသည် နွားနို့ဆိုင် တစ်ဆိုင်နှင့် ဆေးခန်းတစ်ခုတို့အနီး ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မည်သည့်နေရာမှ ယိုစိမ့်ခဲ့သည်ကို မသိရသေးကြောင်း သိရသည်။


ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် နွားနို့လာဝယ်သူများသတိလစ်လဲကျခဲ့ရကြောင်း လူဒီအာနာမြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဓာတ်ငွေ့ယိုစိမ့်မှုသည် စက်ရုံတစ်ရုံ၌ စတင်ဖြစ်ပွားခဲ့ကြောင်း ပန်ဂျပ်ပြည်နယ် ဝန်ကြီးချုပ်က တွစ်တာစာမျက်နှာ၌ ရေးသားထားသော်လည်း အသေးစိတ်ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

KKO




# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီ ပါပူဝါးနယူးဂီနီနိုင်ငံ၌ ပစိဖိတ်ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးမည်



**ပို့မော်ရက်စ်ဘီ မေ ၃၀**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် ပါပူဝါးနယူးဂီနီနိုင်ငံ၌ ပစိဖိတ်ကျွန်းစု ခေါင်းဆောင်များနှင့် လာမည့်လအတွင်းတွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၊ အိန္ဒိယဝန်ကြီးချုပ်မိုဒီတို့နှင့်ပစိဖိတ်ကျွန်းစု ခေါင်းဆောင်များကြား တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ကို ပါပူဝါးနယူးဂီနီဝန်ကြီးချုပ်က ယနေ့တွင် အတည်ပြုထားသည်။

လာမည့် မေ ၂၂ ရက်တွင် ကျင်းပမည့် အမေရိကန်သမ္မတ၊ အိန္ဒိယဝန်ကြီးချုပ်နှင့် ပစိဖိတ်ကျွန်းစု ခေါင်းဆောင်များကြား တွေ့ဆုံဆွေးနွေးပွဲသည် သမိုင်းဝင်ဆွေးနွေးပွဲတစ်ခု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ပါပူဝါးနယူးဂီနီဝန်ကြီးချုပ် ဂျိမ်းစ်မာရာပီက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် သြစတြေးလျနိုင်ငံသို့ သွားရောက်စဉ် ပါပူဝါးနယူးဂီနီမြို့တော် ပို့မော်ရက်စ်ဘီသို့ ခရီးတစ်ထောက်ဝင်ရောက်မည်ဖြစ်သည်။

အဆိုပါခရီးစဉ်သည် လက်ရှိတာဝန်ထမ်းဆောင်ဆဲ အမေရိကန်သမ္မတတစ်ဦး၏ ပထမဆုံးပါပူဝါးနယူးဂီနီခရီးစဉ်ဖြစ်သည်။

ပါပူဝါးနယူးဂီနီ နိုင်ငံသည် တရုတ်နှင့် အမေရိကန်နိုင်ငံတို့က ၎င်းတို့၏ သြဇာတည်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းနေသော ပစိဖိတ်ကျွန်းစုနိုင်ငံ ဖြစ်ကြောင်း သိရသည်။

KKO

# အမေရိကန်တပ်ဖွဲ့ဝင်များကို နေရာမပေးရန် အီရန်ခေါင်းဆောင် ခါမေနီ အီရတ်သမ္မတကိုတိုက်တွန်း

**တီဟီရန် မေ ၃၀**

အမေရိကန်နိုင်ငံကို မှီခိုအားပြုနေရသည့်မိတ်ဆွေနိုင်ငံမျိုးမဟုတ်ခြင်းကြောင့် အီရတ်နိုင်ငံအနေဖြင့် မည်သည့် အမေရိကန်တပ်ဖွဲ့ဝင်ကိုမျှ အီရတ်ပိုင်နက်အတွင်းနေရာမပေးသင့်ကြောင်း အီရန်ခေါင်းဆောင် ခါမေနီက မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

တီဟီရန်မြို့သို့ ရောက်ရှိနေသော အီရတ်သမ္မတ အက်ဘ်ဒူလ်လာတစ်ဖ်ရာရှစ်နှင့် တွေ့ဆုံဆွေးနွေးစဉ် အီရန်ခေါင်းဆောင် ခါမေနီက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသ၌ ဒေသတွင်းလုံခြုံရေးပျက်စီးခဲ့ရမှု၏အဓိကအကြောင်းရင်းသည် အနောက်အုပ်စု၏ စစ်ရေးအရ ကြားဝင်စွက်ဖက်မှုများဖြစ်ကြကြောင်း အီရန်ခေါင်းဆောင် ခါမေနီက အီရတ်သမ္မတနှင့်တွေ့ဆုံစဉ် ဝေဖန်သုံးသပ်ခဲ့သည်။

အမေရိကန်နိုင်ငံသည် အီရတ်၏ မိတ်ဆွေလည်းမဟုတ်သလို မည်သူနှင့်မျှလည်း မိတ်ဆွေမဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံသည် ၎င်းတို့၏ ဥရောပမဟာမိတ်များအပေါ် မှာပင် သစ္စာမဲ့ကြောင်း အီရန်ခေါင်းဆောင်က ဝေဖန်ခဲ့သည်။


မီဒီယာများသို့ ပေါက်ကြားခဲ့သော လျှို့ဝှက်မှတ်တမ်းမှတ်ရာများအရ အမေရိကန်နိုင်ငံသည် ယူကရိန်းအပါအဝင် မဟာမိတ်နိုင်ငံများကိုလည်း သူလျှိုလုပ်စောင့်ကြည့်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသည် အီရတ်နိုင်ငံနှင့် ပင်လယ်ကွေ့ဒေသ၌ အမေရိကန်နိုင်ငံ စစ်ရေးအရ နေရာယူထားမှုကို အပြင်းအထန်ဆန့်ကျင်ထားသော နိုင်ငံဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## လမျက်နှာပြင်လှေလာရေးယာဉ် စမ်းသပ်ပုံစံတစ်ခုကို တောင်ကိုရီးယားနိုင်ငံအခြေစိုက် ဟွန်ဒိုင်းကုမ္ပဏီ စတင်တည်ဆောက်နေ



**ဆိုးလ် မေ ၃၀**

တောင်ကိုရီးယားနိုင်ငံ အခြေစိုက် ဟွန်ဒိုင်းကုမ္ပဏီသည် လလှေလာရေးမစ်ရှင်များ၌ အသုံးပြုရေးအတွက် လမျက်နှာပြင်လှေလာရေးယာဉ် စမ်းသပ်ပုံစံတစ်ခုကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ယူပီအိုင်သတင်းဌာနက မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဟွန်ဒိုင်းကုမ္ပဏီသည် ပြီးခဲ့သည့်နှစ်အတွင်း တောင်ကိုရီးယားသုတေသန အင်စတီကျူခြောက်ခုနှင့် မိတ်ဖက်သဘောတူညီချက်တစ်ရပ် ရယူထားသည်။

အဆိုပါသဘောတူညီချက်အရ ဟွန်ဒိုင်းကုမ္ပဏီနှင့် အာကာသသိပ္ပံအင်စတီကျူများသည် လမျက်နှာပြင် စူးစမ်းလှေလာရေးလုပ်ငန်းစဉ်အတွက် လမျက်နှာပြင်လှေလာရေးယာဉ်တစ်မျိုးကို ပူးပေါင်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဟွန်ဒိုင်းကုမ္ပဏီသည် လမျက်နှာပြင်လှေလာရေးယာဉ် စမ်းသပ်ပုံစံတစ်မျိုးကို စတင် တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

ဟွန်ဒိုင်းကုမ္ပဏီနှင့် တောင်ကိုရီးယားအာကာသသိပ္ပံ အင်စတီကျူသည် လမျက်နှာပြင်လှေလာရေးယာဉ် စမ်းသပ်ပုံစံကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

အပြည့်အဝ လွှတ်တင်နိုင်မည့် လမျက်နှာပြင် လှေလာရေးယာဉ်ကိုမူ ၂၀၂၇ ခုနှစ်တွင် အပြီးသတ်တည်ဆောက်ရန် ဟွန်ဒိုင်းကုမ္ပဏီနှင့် တောင်ကိုရီးယားအာကာသသိပ္ပံ အင်စတီကျူများက ရည်မှန်းထားကြောင်း သိရသည်။

KKO

## ကွာအိုရာဂြိုဟ်သိမ်၏ ပတ်ပတ်လည်တွင် ဒုတိယမြောက်ခါးပတ်ကွင်းတစ်ကွင်းကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား


**ဝါရှင်တန် မေ ၃၀**

ကွာအိုရာအမည်ရှိ အကြီးစားဂြိုဟ်သိမ်တစ်စင်း၏ ပတ်ပတ်လည်တွင် ဒုတိယမြောက် ခါးပတ်ကွင်းတစ်ကွင်းကို နိုင်ငံတကာသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

ကွာအိုရာဂြိုဟ်သိမ်သည် ကွိုပါခါးပတ်ကွင်းနယ်မြေအတွင်းတည်ရှိပြီး ၂၀၀၂ ခုနှစ်တွင် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် သိပ္ပံပညာရှင်များသည် ကွာအိုရာဂြိုဟ်သိမ်၏ ပထမမြောက် ခါးပတ်ကွင်းကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အမေရိကန်သိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ကွာအိုရာဂြိုဟ်သိမ်၏ ပထမခါးပတ်ကွင်းကို ယခုလအတွင်း လှေလာ



နေစဉ် ဒုတိယမြောက်ခါးပတ်ကွင်းကို ထပ်မံတွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါဂြိုဟ်သိမ်ပေါ်၌ ရေခဲပုံစံဖြင့် ရေဓာတ်တည်ရှိနေမှုနှင့် မီးတောင်လှုပ်ရှားမှုများရှိနေသည့် လက္ခဏာများကိုလည်း သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

အချင်းအားဖြင့် ကီလိုမီတာ ၁၁၁၀ ရှိပြီး အရွယ်အစားအရ ပလူတိုဂြိုဟ်သိမ်၏ တစ်ဝက်စာမျှရှိသည့် ကွာအိုရာဂြိုဟ်သိမ်တွင် ဝီးဝတ်ဟူ၍ အမည်ပေးထားသော ဂြိုဟ်ရံလငယ် တစ်စင်းလည်းရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## IUICE ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလများလှေလာရေး အာကာသယာဉ်က ရေဒီယိုအင်တာနာစနစ်တစ်ခုကိုဖြန့်ထုတ်ရေး အခက်အခဲများရင်ဆိုင်နေရ

**ပဲရစ် မေ ၃၀**

ဥရောပအာကာသအေဂျင်စီ၏ IUICE ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလများ လှေလာရေး အာကာသယာဉ်သည် ရေဒီယိုအင်တာနာစနစ်တစ်ခုကို ဖြန့်ထုတ်ရေးအတွက် အခက်အခဲများရင်ဆိုင်နေရကြောင်းSpace.com သတင်းဝက်ဘ်ဆိုက်က မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

IUICE ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလများလှေလာရေးအာကာသယာဉ်သည် ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလများကို လှေလာရေးအတွက် လွှတ်တင်ထားသည့် အာကာသယာဉ်ဖြစ်သည်။

လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် IUICE ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလများ လှေလာရေး အာကာသယာဉ်၏ အင်တာနာစနစ်ကို အပြည့်အဝ ဖြန့်ထုတ်ရန် ကြိုးစားနေဆဲဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဥရောပအာကာသအေဂျင်စီသည် IUICE ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလများ လှေလာရေး အာကာသယာဉ်ကို မေ ၁၄ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ အာကာသယာဉ်သည် အင်တာနာစနစ် အပြည့်အဝဖြန့်ထုတ်ရန် ကြိုးစားနေရသော်လည်း ကျန်စူးစမ်းလှေလာရေးစနစ်များကို ပုံမှန်အတိုင်း ဆက်လက်လည်ပတ်ထားနိုင်ကြောင်း သိရသည်။

IUICE ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ရံလများလှေလာရေး အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်ပတ်လမ်းအတွင်းသို့ ၂၀၃၁ ခုနှစ် ဇူလိုင်လတွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို မြေထဲပင်လယ်ဓာတ်စာက လျှော့ချပေးနိုင်ဖွယ်ရှိ

**လန်ဒန် မေ ၃၀**

မြေထဲပင်လယ်ဓာတ်စာ (Mediterranean Diet) ခေါ် ဓာတ်စာပုံစံတစ်မျိုးသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ခြောက်လတာကာလအတွင်း မြေထဲပင်လယ်ဓာတ်စာကို ကြိုက်ကြိုက်မှသာစားသူများနှင့် စွဲစွဲမြဲမြဲစားသူများပါဝင်သည့် အသက် ၆၅ နှစ်နှင့်အထက် လူ ၁၂၈ ဦး၏ သွေးနမူနာများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ မြေထဲပင်လယ်ဓာတ်စာကို ပုံမှန်စားသူများသည် ရံဖန်ရံခါမှသာ စားသူများနှင့် နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းနည်းပါးကြောင်း သိရသည်။

မြေထဲပင်လယ်ဓာတ်စာသည် လုံးတီးကောက်နှံများ၊ ငါး၊ သစ်သီးဝလံနှင့် သံလွင်ဆီတို့အဓိကပါဝင်သော ဓာတ်စာတစ်မျိုးဖြစ်သည်။

မြေထဲပင်လယ်ဓာတ်စာသည် ဦးနှောက်ဇီဝသက်တမ်းအိုမင်းမှုကို ကာကွယ်ရာတွင် အထောက်အကူပြုသလို နှလုံးရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချနိုင်ဖွယ်ရှိကြောင်း ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များ၌ တင်ပြထားပြီးဖြစ်သည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ မြေထဲပင်လယ်ဓာတ်စာသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကိုပါ လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

KKO

## အရက်နှင့်မူးယစ်ဆေးဝါးဖြတ်ရန် ကြိုးစားသူများကို လေ့ကျင့်ခန်းပြုလုပ်မှုက အထောက်အကူပြုနိုင်ဖွယ်ရှိ

**အော့တဝါ မေ ၃၀**

လေ့ကျင့်ခန်းပြုလုပ်မှုသည် အရက်နှင့် မူးယစ်ဆေးဝါးဖြတ်ရန် ကြိုးစားနေသူများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၉ ရက်တွင်ရေးသားတင်ပြထားသည်။

ကနေဒါ သုတေသနပညာရှင်များသည် လေ့ကျင့်ခန်းပြုလုပ်မှုနှင့် အရက်နှင့်မူးယစ်ဆေးဝါး စွဲလမ်းမှုပြဿနာကိုကုသရန် ကြိုးစားနေသူများကြားဆက်စပ်မှု ရှိ၊ မရှိ ဖော်ထုတ်ရန် ကမ္ဘာတစ်ဝန်း လေ့လာချက်ပေါင်း ၄၃ ခုကို ပြန်လည်စိစစ်ခဲ့ကြကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အရက်နှင့် မူးယစ်ဆေးဝါး စွဲလမ်းမှုပြဿနာဖြင့် ရင်ဆိုင်နေရသူများသည် အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲမှုလျှော့ချရာတွင် ကိုယ်ကာယ လှုပ်ရှားမှုများဖြင့် အထောက်အကူပေးနိုင်ဖွယ်ရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များ၏ အဆိုအရ လေ့လာမှုများ၌ ပါဝင်ခဲ့သော လူနာများအနက် ၇၅ ရာခိုင်နှုန်းတွင် အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ပါးလာခြင်းနှင့် ကိုယ်ကာယ လှုပ်ရှားမှုတို့ကြား ဆက်စပ်မှုရှိနေနိုင်ကြောင်း သိရသည်။

နေ့စဉ် ဘဝကိုကျော်ဖြတ်ရေးအတွက် အရက်နှင့်မူးယစ်ဆေးဝါး လိုအပ်မှုကိုလျှော့ချရာတွင် ကိုယ်ကာယလှုပ်ရှားမှုများဖြင့် အထောက်အကူပေးနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် အထက်ပါတွေ့ရှိချက်ကို အတည်ပြုရေးအတွက် လေ့လာမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန်လိုကြောင်း သုတေသနပညာရှင်များက ဝန်ခံထားသည်ဟု သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဂီတာဖေးအသင်းက ဘိုဒါလက်စ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်

**မက်ဒရစ် မေ ၃၀**

ဂီတာဖေးအသင်းသည် ဧပြီ ၂၃ ရက်က ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် မာယော့ကာအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ဆန်းချက်ဖလိုရက်စ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီး ယခုအခါ ဗလင်စီယာအသင်း နည်းပြဟောင်း ဘိုဒါလက်စ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Goal. com က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက ဂီတာဖေးအသင်းသည် နည်းပြ ဆန်းချက်ဖလိုရက်စ်နေရာတွင် ယာယီနည်းပြအဖြစ် အသင်းအားကစားဒါရိုက်တာ ရီးယက်စ်ကို ယခုနှစ်ဘောလုံးရာသီကုန်ထိ ခန့်အပ်ရန် ဆုံးဖြတ်ခဲ့သော်လည်း အသင်းအနေဖြင့် ဧပြီ ၂၇ ရက်က ကစားခဲ့သည့် ပွဲစဉ်တွင် အယ်မာရီယာကို နှစ်ဂိုးတစ်ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့မှုကြောင့် ရမှတ် ၃၁ မှတ်ရရှိကာ တန်းဆင်းဇုန်အတွင်း ကျရောက်ခဲ့သဖြင့် နည်းပြသစ်ခန့်အပ်ရန် အရေးပေါ် စီစဉ်ခဲ့ရာတွင် နည်းပြ ဘိုဒါလက်စ်နှင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

နည်းပြ ဘိုဒါလက်စ်သည် ၂၀၂၂ ခုနှစ်ဇွန်လက ဗလင်စီယာအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် အသင်း လက်မဲ့ဖြစ်နေသောကြောင့် ဂီတာဖေးအသင်းက ကမ်းလှမ်းခဲ့ရာတွင် သဘောတူညီမှုရရှိခဲ့ပြီး လာမည့် ဇွန် ၃၀ ရက်ထိ တာဝန်ယူ ကိုင်တွယ်မည်ဖြစ်သည်။

လက်ရှိတွင် ဂီတာဖေးအသင်းသည် အမှတ်ပေးပြိုင်ပွဲ ၃၁ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၃၁ မှတ်ရရှိခဲ့ပြီး အဆင့် (၁၈) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

ML



# ပြင်သစ်လိဂ်ဖလား ဗိုလ်လုပွဲစဉ်တွင် နန့်တက်ကိုအနိုင်ယူ၍ တူးလော့အသင်း ချန်ပီယံဆုဆွတ်ခူး




**ပဲရစ် မေ ၃၀**

ပြင်သစ်လိဂ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် လက်ရှိချန်ပီယံနန့်တက်အသင်းနှင့် တူးလော့အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တူးလော့အသင်းက ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သဖြင့် ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် တူးလော့အသင်းသည် ၁၆ သင်းအဆင့်တွင် ရိမ်းအသင်းကို သုံးဂိုး တစ်ဂိုး၊ ကွာတားဖိုင်နယ်အဆင့်တွင် ရိုဒက်စ်အသင်းကို ခြောက်ဂိုး တစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့်တွင် အန်နက်စီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ပြီး အန်ဂါ၊ လန်း၊ လိုင်ယွန်အသင်းတို့ကို အနိုင်ယူ၍ ဗိုလ်လုပွဲ တက်ရောက်လာသည့် လက်ရှိ ချန်ပီယံ နန့်တက်အသင်းနှင့် တွေ့ဆုံခဲ့ရာ ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ် အနိုင်ရခဲ့သောကြောင့် ချန်ပီယံဆုဖလား ရရှိခဲ့ကြောင်း သိရသည်။

တူးလော့အသင်းသည် နန့်တက်အသင်းနှင့်ပွဲစဉ်တွင် ဘောလုံးပိုင်ဆိုင်မှု အရေးနိမ့်ခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုနှင့် ကစားသမားများ၏ ပုံစံကောင်းပြသနိုင်မှုတို့ကြောင့် ပွဲချိန် လေးမိနစ်နှင့် ၁၀ မိနစ်တွင် ခံစစ်ကစားသမား ကော်စတာကလည်းကောင်း၊ ပွဲချိန် ၂၃ မိနစ်နှင့် ၃၁ မိနစ်တွင် တိုက်စစ်မှူး ဒါလင်နာက လည်းကောင်း ဦးဆောင်ဂိုးများ သွင်းယူ၍ ပထမပိုင်းတွင် လေးဂိုးပြတ် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့သဖြင့် နန့်တက်အသင်းကို ပင်နယ်တီမှ ချေပဂိုး တစ်ဂိုးခွင့်ပြုခဲ့ရသော်လည်း ပွဲချိန် ၇၉ မိနစ်တွင် ကွင်းလယ်ကစားသမား ဇကာရီယာက ပဉ္စမမြောက် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆုဖလားရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ML

# နယူးကာဆယ်အသင်းက အင်တာမီလန်ကစားသမား ဘရိုဇိုဗစ်ကို ယူရို ၃၅ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် မေ ၃၀**

နယူးကာဆယ် အသင်းသည် ကွင်းလယ်ပိုင်းကစားသမား ထပ်မံဖြည့်တင်းရန်အတွက် အင်တာမီလန်အသင်းက ရောင်းချရန် ပြင်ဆင်နေသည့် ဘရိုဇိုဗစ်ကို ပြောင်းရွှေ့ကြေးယူရို ၃၅ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Mundo Deportivo သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် နယူးကာဆယ်အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၃) နေရာသို့ ရောက်ရှိနေသောကြောင့် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ကစားခွင့် ရရှိရန် သေချာနေပြီး ဥရောပပြိုင်ပွဲကစားရန်အတွက် ချန်ပီယံလိဂ်အတွေ့အကြုံရှိသည့် ကစားသမားများကို ခေါ်ယူဖြည့်တင်းရန် စီစဉ်လျက်ရှိရာ အင်တာမီလန်အသင်းက ဘဏ္ဍာရေး အခက်အခဲကြောင့် ရောင်းချရန် ပြင်ဆင်နေသည့် ကွင်းလယ်ကစားသမား ဘရိုဇိုဗစ်ကို ယူရို ၃၅ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

အင်တာမီလန် အသင်းသည် အသက် ၃၀ ရှိ ကွင်းလယ်ကစားသမား ဘရိုဇိုဗစ်ကို ခြေစွမ်းပြသနိုင်သော်လည်း ၎င်း၏ မြင့်မားသည့်လုပ်ခလစာကြောင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး ဘာစီလိုနာအသင်းက ခေါ်ယူရန် ကာလရှည် စိတ်ဝင်စားနေသော်လည်း ဖရန့်ကက်စီနှင့်အလဲအထပ်သာ ပြုလုပ်လိုပြီး ငွေကြေးသုံးစွဲနိုင်ခြင်းမရှိသောကြောင့် ဘဏ္ဍာရေးလိုအပ်ချက်ရှိနေသည့် အင်တာမီလန်အသင်းက ငွေကြေးသုံးစွဲနိုင်မည့် အသင်းကိုသာ ရောင်းချမည်ဖြစ်၍ နယူးကာဆယ်အသင်းက လက်ဦးမှ ရယူနိုင်ရန် သေချာလျက်ရှိကြောင်း သိရသည်။

ML

## ပရီးမီးယားလိဂ် ပွဲစဉ် (၃၄) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၄ | - | ၁ | လိဒ် |
| ဖူလ်ဟမ် | ၁ | - | ၂ | မန်စီးတီး |
| မန်ယူ | ၁ | - | ၀ | အေဗီလာ |
| နယူးကာဆယ် | ၃ | - | ၁ | ဆောက်သမ်တန် |

## စပိန်လာလီဂါ ပွဲစဉ် (၃၂) ရလဒ်

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | ၂ | - | ၁ | ဗလင်စီယာ |
| ဗီလာရီးရဲလ် | ၃ | - | ၁ | ဆဲလ်တာဗီဂို |

(၀၄၀)

## အားကစားသတင်း အတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အေဗီလာအသင်းတွင် ခြေစွမ်းပြနေသည့် တိုက်စစ်မှူး အိုလီဝက်ကင်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ဒဏ်ရာပြဿနာကြောင့် ကာလရှည် အနားယူနေရသည့် ဆာလီဘာ၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ပဲလေ့စ်အသင်း ခံစစ်ကစားသမား ဂူဟီကိုခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- ခံစစ်ကစားသမားဝေါ်လ်ကာက မန်စီးတီးအသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရှုန်းကန်နေရသဖြင့် အေဗီမီလန်နှင့် အေဗီလာအသင်းတို့က ကမ်းလှမ်းလာချိန်တွင် အသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။ ML

# စပိန်လာလီဂါသမိုင်းတစ်လျှောက် စတုတ္ထမြောက်သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ဘင်ဇီးမား မှတ်တမ်းဝင်

**မက်ဒရစ် မေ ၃၀**

စပိန်လာလီဂါပွဲစဉ်(၃၂)အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အယ်မာရီယာအသင်းတို့ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး ဘင်ဇီးမားသည် အသင်းအတွက် ဟက်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် စပိန်လာလီဂါသမိုင်းတစ်လျှောက် စတုတ္ထမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းက အိမ်ကွင်းတွင် အယ်မာရီယာအသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဘင်ဇီးမားက အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲချိန် ငါးမိနစ်၊ ၁၇ မိနစ်နှင့် ၄၂ မိနစ်တို့တွင် အသင်းအတွက် ဟက်ထရစ်သွင်းဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲတွင် သွင်းဂိုး ၂၃၅ ဂိုးထိ ရှိလာခဲ့ပြီး စတုတ္ထမြောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၅ နှစ်ရှိ ဘင်ဇီးမားသည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်ကတည်းက လိုင်ယွန်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အစောပိုင်းနှစ်များက လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ စီရော်နယ်ဒိုထွက်ခွာခဲ့ပြီး နောက်ပိုင်း အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။



အစောပိုင်းက စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် စတုတ္ထမြောက်ကစားသမားအဖြစ် ဘာစီလိုနာအသင်း ကစားသမားဟောင်း ဟူဂိုဆန်းချက်က ၂၃၄ ဂိုးဖြင့် ရပ်တည်နေသော်လည်း ဘင်ဇီးမားက အယ်မာရီယာအသင်းကို သုံးဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် တစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ဘာစီလိုနာအသင်း ကစားသမားဟောင်း မက်ဆီက ၄၇၄ ဂိုးဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေပြီး ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း စီရော်နယ်ဒိုက ၃၁၁ ဂိုးဖြင့် ဒုတိယနှင့် ရီးရဲလ်မက်ဒရစ်အသင်းကစားသမားဟောင်း တယ်မိုဇာရာက ၂၅၁ ဂိုးဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။

STA

# ဘာစီလိုနာအသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ် ယာမယ် မှတ်တမ်းဝင်



**ဘာစီလိုနာ ဧပြီ ၃၀**

စပိန်လာလီဂါ ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းနှင့် ဘက်တစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဘာစီလိုနာအသင်း လူငယ်ကစားသမား ယာမယ်သည် လူစားဝင်ကစားခဲ့ပြီးနောက် ဘာစီလိုနာအသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးကစားသမားအဖြစ်စံချိန်တင်နိုင်ခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၅ နှစ်ရှိ ယာမယ်သည် ဘာစီလိုနာအသင်းက ဘက်တစ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်၏ ပွဲချိန် ၈၃ မိနစ်တွင် ဂါဗီနှင့် လူစားလဲခဲ့ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ကစားသမားအဖြစ် စံချိန်တင်ထားခဲ့သည့် ဖာတီနှင့် ဂါဗီတို့ကိုကျော်ဖြတ်ပြီး စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယာမယ်သည် ဘာစီလိုနာအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ဘာစီလိုနာအသင်း၊ စပိန် ယူ-၁၅ အသင်းနှင့် ယူ-၁၉ အသင်းတို့တွင် ပါဝင်ကစားနေသူဖြစ်ပြီး လူငယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည့်အတွက် နည်းပြဇာဗီက အသင်းကြီးထံ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာလူငယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် မက်ဆီလက်သစ်အဖြစ်တင်စားခံနေရသည့် ယာမယ်ကို နည်းပြဇာဗီက ပြီးခဲ့သည့် ဝယ်လ်ကာနိုအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်မှစတင်ပြီး အသင်းကစားသမားစာရင်းတွင်ရွေးချယ်ခဲ့သော်လည်း ကစားခွင့်မရရှိခဲ့ဘဲ ဘက်တစ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်မှသာ စတင်ပါဝင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# Mutua Madrid Open ပြိုင်ပွဲ တတိယအဆင့်သို့ မျက်ဒဗျက်တက်ရောက်

**မက်ဒရစ် ဧပြီ ၃၀**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် အီတလီတင်းနစ်ကစားသမား ဇာဇက်ဆိုရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်နှင့် ဇာဇက်ဆိုရီတို့ ပွဲစဉ်တွင် မျက်ဒဗျက်သည် ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရခဲ့သော်လည်း ဇာဇက်ဆိုရီသည် မျက်ဒဗျက်အား အကောင်းဆုံး ဖိအားပေးကစားသွားနိုင်ခဲ့သည်။

လက်ရှိ ကမ္ဘာ့အဆင့် (၁၆၄) နေရာတွင် ရပ်တည်နေသည့် ဇာဇက်ဆိုရီသည် Mutua Madrid Open တင်းနစ်ပြိုင်ပွဲကို လက်ရည်စစ်ပွဲအဆင့်မှ ပါဝင်ယှဉ်ပြိုင်ခဲ့ရသည်။

မျက်ဒဗျက်က "ဒုတိယအဆင့်မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းက အားရကျေနပ်စရာ ကောင်းပါတယ်။ တစ်ပွဲလုံး ခြုံကြည့်ရင် စွမ်းဆောင်ရည်ပိုင်းက Solid ဖြစ်ခဲ့တယ်။ Breakpoints တချို့ကိုလဲ အကောင်းဆုံးကာကွယ်နိုင်ခဲ့တယ်။ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပေမဲ့လဲ ရလာတဲ့အခွင့်အရေးတိုင်းကို အကောင်းဆုံးအသုံးချနိုင်ခဲ့လို့ ရလဒ်ကောင်းတစ်ခုနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒုတိယအဆင့်ပွဲစဉ်မှာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့တဲ့အပေါ် အားရကျေနပ်မှုရှိသလို တတိယအဆင့်မှာလဲ ဒီလိုပုံစံအတိုင်းပဲဆက်ကစားနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မက္ကဆီကိုအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အမေရိကန်ကစားသမားတိုနီဖီနော့ ဆက်လက်ဦးဆောင်

**မက္ကဆီကိုစီးတီး ဧပြီ ၃၀**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် မက္ကဆီကိုအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုနီဖီနော့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်နေကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမနေ့နှင့် ဒုတိယနေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသည့် ကမ္ဘာ့အဆင့် (၁) ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းသည် တတိယနေ့တွင် သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်ထိလျော့ရိုက်နိုင်ခဲ့ပြီး ကစားသမားဘဝ သတ်တမ်းတစ်လျှောက် သတ်မှတ်ရိုက်ချက်ထက် အများဆုံးလျော့ရိုက်နိုင်ခဲ့သော မှတ်တမ်းကိုရရှိခဲ့သည်။

ဂျွန်ရမ်းသည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘာတီယာနှင့်အတူအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရန်ဒန်ဝူက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။



ဂျွန်ရမ်းက "တတိယနေ့မှာ ရိုက်နိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းက အားရကျေနပ်စရာ ကောင်းသလို ရလဒ်ပိုင်းကလဲ အရမ်းကောင်းခဲ့တယ်။ ဒီလောက်ထိလုပ်နိုင်လိမ့်မယ်လို့ ထင်မထားခဲ့ဘူး။ ဒါပေမဲ့လဲ Swing ရိုက်ချက်တွေကတော့ ပထမနေ့နဲ့ ဒုတိယနေ့မှာလိုပဲ သိပ်ပြီးကြီးကြီးမားမားပြောင်းလဲခဲ့တာမျိုးမရှိဘူး။ တတိယနေ့ရဲ့ ၁၈ ကျင်းစလုံးမှာ ကစားနိုင်ခဲ့တဲ့ ပုံစံအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ တစ်ရက်တည်းမှာပဲသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်ထိ လျော့ရိုက်နိုင်တဲ့ရလဒ်ဟာ အံ့အားသင့်စရာပါပဲ။ နောက်ဆုံးနေ့မှာဘာတွေဖြစ်လာမလဲဆိုတာတော့ စောင့်ကြည့်သွားရမယ်။ ကျွန်တော့်အနေနဲ့ကတော့ တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းမျိုးနဲ့ နောက်ဆုံးနေ့မှာ ကစားနိုင်ခဲ့မယ်ဆိုရင် ကောင်းမွန်တဲ့အဆင့်တစ်ခုနဲ့ အဆုံးသတ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ကျိုလိကျန်းဖြင့် မကျေပွဲထိုးသတ်မည်ဖြစ်ကြောင်း ဗြိတိန်လက်ဝှေ့သမား ဂျိုးဂျွန်းစီ ပြောကြား

**လန်ဒန် ဧပြီ ၃၀**

WBO ယာယီဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား ဂျိုးဂျွန်းစီနှင့် တရုတ်လက်ဝှေ့သမား ကျိုလိကျန်းတို့ ပြီးခဲ့သော ဧပြီ ၁၅ ရက်က အင်္ဂလန်နိုင်ငံလန်ဒန်မြို့တွင် ထိုးသတ်ခဲ့ရာ ကျိုလိကျန်းက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ယာယီဟဲဗီးဝိတ်တန်း လက်ရှိချန်ပီယံအား ကာကွယ်ထိုးသတ်ခဲ့သည့် ဂျိုးဂျွန်းစီအနေဖြင့် ကျိုလိကျန်းအား အနိုင်ရရှိရန် ရေပန်းစားခဲ့သော်လည်း ထင်မှတ်မထားသည့်ရလဒ်ထွက်ပေါ်ကာ ဂျိုးဂျွန်းစီ ရှုံးနိမ့်ခဲ့ရသည်။

ဂျိုးဂျွန်းစီအနေဖြင့် ကျိုလိကျန်းအား ရှုံးနိမ့်ခဲ့ပြီးနောက် WBO ကမ္ဘာ့ ဟဲဗီးဝိတ်တန်းချန်ပီယံ အလက်ဇန္ဒားအူဆက်ခ်ကို စိန်ခေါ်ထိုးသတ်ခွင့်ရမည့် အခွင့်အရေးအတွက် ကျိုလိကျန်းနှင့် မကျေပွဲစဉ်ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု SkySports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုးဂျွန်းစီက "ကျွန်တော့်ရဲ့ WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ အိပ်မက်အတွက် မကျေပွဲထိုးသတ်ဖို့ စီစဉ်နေပါတယ်။ ဖရန့်ဝါရင်က ဒီပွဲစဉ် ဖြစ်မြောက်ဖို့အတွက် ဆွေးနွေးမှုတွေ ပြုလုပ်ပေးမှာဖြစ်ပါတယ်။ လက်စားချေနိုင်မယ်လို့လဲ ယုံကြည်ပါတယ်။ ကျိုလိကျန်းနဲ့ ပထမတစ်ကြိမ် ထိုးသတ်ခဲ့တုန်းက ကျွန်တော့်ရဲ့ ပေါ့ဆမှုကြောင့် ရှုံးနိမ့်ခဲ့ရတယ်။ နည်းဗျူဟာပိုင်းမှာ လဲလိုအပ်ချက်တွေ ရှိနေခဲ့တယ်။ ကျွန်တော့်အနေနဲ့ ပွဲကိုစောစော ဖြတ်နိုင်ဖို့ အာရုံစိုက်ခဲ့တဲ့အတွက် ဟာကွက်တွေ ပေါ်သွားခဲ့တယ်။ မကျေပွဲ ထိုးသတ်ဖြစ်ခဲ့မယ်ဆိုရင်တော့ နည်းဗျူဟာပိုင်း အပြောင်းအလဲပြုလုပ်သွားမယ်။ နောက်ဆုံးအချိန်ထိ ထိုးသတ်ကာ ဖိအားပေးနိုင်ဖို့ ပြင်ဆင်လေ့ကျင့်သွားမယ်။ ပထမတစ်ကြိမ်က အရှုံးရလဒ်ကို သင်ခန်းစာယူပြီး အမှားတွေကို အကောင်းဆုံးပြင်ဆင်နိုင်မယ်လို့လဲ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဧပြီ ၃၀**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ ဖနွမ်းပင်ဟိုတယ်တွင် တည်းခိုကာ ပြိုင်ပွဲဝင်ရောက်မည်ဖြစ်ပြီး နည်းပြအဖြစ် အူကီတက်ဆူရီက တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကာ အပြီးသတ်ကစားသမား ၂၁ ဦး လိုက်ပါခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း) ပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (က) တွင် ဖိလစ်ပိုင် အမျိုးသမီးအသင်း၊ ဗီယက်နမ် အမျိုးသမီးအသင်း၊ မလေးရှားအမျိုးသမီးအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

(၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ပြိုင်ပွဲအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီး အသင်းသည် အုပ်စုပွဲစဉ်များအဖြစ် မေ ၃ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဖိလစ်ပိုင် အမျိုးသမီးအသင်းနှင့် လည်းကောင်း၊ မေ ၆ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီယက်နမ် အမျိုးသမီးအသင်းနှင့်လည်းကောင်း၊ မေ ၉ ရက် မြန်မာစံတော်ချိန်ညနေ ၃ နာရီခွဲတွင် မလေးရှားအမျိုးသမီးအသင်းနှင့်လည်းကောင်း အသီးသီး ကစားမည်ဖြစ်သည်။ STA

### အီတလီစီးရီးအေ ပွဲစဉ် (၃၂) ရလဒ်

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၃ | - | ၁ | လာဇီယို |
| ခရီမိုနန်စီ | ၁ | - | ၁ | ဗီရိုနာ |
| နာပိုလီ | ၁ | - | ၁ | ဆလာနီတာနာ |
| ဆက်ဆူအိုလို | ၂ | - | ၁ | အမ်ပိုလီ |

### ပြင်သစ်လီဂူး ပွဲစဉ် (၃၃) ရလဒ်

| | | | | |
|---|---|---|---|---|
| ကလဲယားမောင့် | ၁ | - | ၀ | ရိမ်း |
| ရင်းနက် | ၄ | - | ၂ | အန်ဂါ |
| ထရွိုင်းယက် | ၀ | - | ၁ | နိုက် |

(၀၄၀)

# တောင့်တလိုရာ ပြည့်စုံပါစေ

ချစ်နိုင် (စိတ်ပညာ)

"ကျွန်ုပ်၏ဘဝကို လူ့အဖွဲ့အစည်းတစ်ခုလုံးက ပိုင်သည်။ ကျွန်ုပ်အသက်ရှင်နေသရွေ့ ကျွန်ုပ်တတ်နိုင်သမျှ လူ့အဖွဲ့အစည်းအတွက် လုပ်ဆောင်ပေးရန်မှာ ကျွန်ုပ်၏အထူးအခွင့်အရေးဖြစ်သည်ဟု ခံယူသည်။ ကျွန်ုပ်အလုပ်ပို၍ ကြိုးစားလုပ်လေလေ ကျွန်ုပ်အဖို့ နေရကျိုးနပ်လေလေပင်ဖြစ်၏။ ကျွန်ုပ်၏ဘဝကို နှစ်သက်ပျော်ပိုက်သည်"

**ဂျော့ဂျ်ဘားနတ်ရှော(၁၈၅၆-၁၉၅၀)**

George Bernard Shaw(1856-1950)

**နိဒါန်း**

မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ဌာနအသီးသီးရှိကြရာတွင် ပါမောက္ခအမှူးပြုသော မိမိတို့ကို သင်ကြားပြသခဲ့သည့် ဆရာကြီး၊ ဆရာမကြီးများကို နှစ်စဉ်မပြတ် အာစရိယပူဇော်ပွဲ တပည့်ကျောင်းသားဟောင်းများက စုပေါင်းကျင်းပလေ့ရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင်လည်း ဤသို့ပင် အာစရိယပူဇော်ပွဲများ ဌာနအလိုက် ကျင်းပမြဲထုံးစံပါပဲ။ သို့ရာတွင် စာရေးသူတို့ စိတ်ပညာဌာန (ရန်ကုန်နှင့်မန္တလေး)နှစ်ခုစလုံးက စတင်ကျင်းပခဲ့ကြသောနှစ်က တော်တော်စောကြပါလေသည်။

ဆရာ၊ ဆရာမလည်း နည်းသည်။ တပည့်ကျောင်းသားဦးရေကလည်း နည်းသည်။ ထို့ကြောင့် ဆရာ၊ တပည့် ဆက်ဆံရေးကား မိသားစုသဖွယ်ပိုမိုနီးကပ်ချစ်ခင်ခဲ့ကြသည်။ ထို့ကြောင့် မန္တလေးဝိဇ္ဇာတက္ကသိုလ်တွင် လေးနှစ်နှင့်ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် နှစ်နှစ် ကျောင်းသားဖြစ်ခဲ့ဖူးသော မိမိသည် ဆရာကန်တော့ပွဲပေါင်းများစွာ ပါဝင်ဖြတ်သန်းခဲ့သည်။ ဆရာကြီး၊ ဆရာမကြီးများ ဆုပေးစကားများကို အကြိမ်ရေများလှသဖြင့် အလွတ်ပင်ရနေခဲ့ပြီ။

"ကတ္တိတံ ပတ္တိတံ တုံယုန်, ခိပ္ပ မေဝ သမိဇ္ဈတု- လိုအင်ဆန္ဒဟူသမျှ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ"အစရှိသော ဆရာကြီးဒေါက်တာကျော်စိန်၊ ဆရာကြီး ဦးအုန်းဖေတို့၏ ဆုပေးစကားများကို သတိရမိသည်။

**စွမ်းအား**

ဆရာကြီး၊ ဆရာမကြီးများ၏ စေတနာမေတ္တာစကား ဆုပေးခြင်းများ၏ မမြင်ရသောစွမ်းအားအဟုန်များကြောင့် မိမိဘဝတွင် မိမိဖြစ်ချင်သမျှ အကုန်လုံးလိုလိုပင် ပြည့်ဝ၏။ စစ်သား၊ စစ်ဗိုလ်ဖြစ်ချင်သည်။ စစ်ဗိုလ်ဖြစ်ခဲ့သည်။ စာရေးဆရာဖြစ်ချင်သည်။ စာရေးသူတစ်ဦး တကယ်ဖြစ်လာခဲ့သည်။ တကယ်တော့ စစ်မှုထမ်းဘဝဖြင့် နှစ်ပေါင်း ၃၀ ခန့် ဖြတ်သန်းရသော အချိန်ကာလသည် ပန်းခင်းလမ်းတော့မဟုတ်ချေ။ သို့တစေ ပျော်သည်။ စာအုပ်ပေါင်း တစ်ရာကျော်ရေးနိုင်ခဲ့ပြီး ပထမဦးဆုံးစာအုပ်နှင့်ပင် အမျိုးသားစာပေဆု (လူငယ်စာပေ) ရွေးချယ်ချီးမြှင့်ခံရသော စာရေးဆရာဘဝကလည်း ကံထူးသည်ဟုပင် ဆိုနိုင်သည်မဟုတ်ပေလား။ ဤဆောင်းပါးသည် စာဖတ်သူအတွက် ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝအောင် အထောက်အကူ ရစေမည်ဖြစ်ကြောင်းကိုတော့ ယုံကြည်စိတ်ချစေလိုပါသည်။ စာနယ်ဇင်းများစွာတို့တွင် နှစ်ပေါင်းများစွာ ပင်တိုင်ဆောင်းပါးရှင်အဖြစ် တာဝန်ယူရေးသားခဲ့သူတစ်ဦးအနေဖြင့် မိမိကလောင်နာမည်ကို ဂုဏ်သရေအထိခိုက်မခံနိုင်ပါ။ တာဝန်ယူပါသည် ခင်ဗျာ။

**စာတော့**

ကျောင်းသားလား။ ဤဆောင်းပါးကို ဖတ်ထား။

တက္ကသိုလ်ကျောင်းသားလား။ မောင်တို့မယ်တို့ကို အဓိက အကျိုးပြုနိုင်အောင် ကြိုးစားစုဆောင်းရေးသားထားခြင်းပင်ဖြစ်ပါ၏။ အချိန်ကုန်ခံပြီး စာဖတ်မည်ဆိုလျှင် ထိုက်တန်သောအကျိုးအမြတ်ရမည့် စာမျိုး၊ စာပေမျိုး၊ သတင်းအချက်အလက်မျိုးကိုရွေး၍ ဖတ်ရှုပါ။ အရည်မရ၊ အဖတ်မရ စကားမျိုး၊ အကျိုးမရှိသော အမှိုက်သရိုက်ကဲ့သို့ သတင်းအချက်အလက်မျိုးများနှင့် စာဖတ်သူ၏ တန်ဖိုးရှိသောအချိန်ကို မကုန်ဆုံးပါစေနှင့်။ အချိန်မဖြုန်းလေနှင့်။

စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာ၊ မြင်စရာ၊ ကြားစရာ၊ ဖတ်စရာ၊ မှတ်စရာအားလုံးတွင် လာချင်ရာလာ၊ ကြည့်ချင်ရာကြည့် ဤသို့စနစ်မရှိဘဲ အချိန်မကုန်စေသင့်ပေ။ သတင်းအခြေအမြစ်နှင့် သတင်းအကြောင်းအချက်ကို အကဲခတ် တန်ဖိုးဖြတ်တတ်စေလိုပါသည်။ အချိန်က တန်ဖိုးအရှိဆုံးပင်။

မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တသည် ဘဝတစ်ခုတွင် အထူးအရေးပါလှသကဲ့သို့ မိမိတို့ထိတွေ့ကြားမြင်နေရသော အရာများက ကောင်းကျိုးရရန် သေချာသင့်ပါ၏။ ထို့ကြောင့် မိမိတို့ကို လွှမ်းမိုး ခြယ်လှယ်နိုင်တတ်သော မီဒီယာများကို အောက်ပါ အချက်များ ရှိ၊ မရှိ စိစစ်ဝေဖန်သင့်လေသည်။ (တိတိကျကျ သိရှိရန် ကိုယ်တိုင်ဆက်လက်လေ့လာရန်)

| | |
|---|---|
| **၁။ တရားဝင်ဖြစ်ခြင်း** | Legitimacy |
| **၂။ ဓမ္မဓိဋ္ဌာန်ကျခြင်း** | Objectivity |
| **၃။ ဘက်လိုက်မှုကင်းခြင်း** | Nonbias |
| **၄။ သတင်းအရင်းအမြစ် ယုံကြည်စိတ်ချရမှု** | Reliability |
| **၅။ သတင်းကခိုင်လုံမှု** | Validity |
| **၆။ သတင်းကတိကျခြင်း** | Exactitude |
| **၇။ ရှင်းလင်းခြင်း** | Clearity |
| **၈။ ပွင့်လင်းမြင်သာမှု** | Transparency |
| **၉။ လိုရင်းတိုရှင်းအနစ်ပါခြင်း** | Precise |
| **၁၀။ စိတ်ဝင်စားဖွယ်ရှိခြင်း** | Interest |
| **၁၁။ အချိန်ကိုက်ခြင်း** | On Time, In Time |
| **၁၂။ တာဝန်ခံနိုင်မှု** | Accountability |

အစရှိသည်တို့ကို ဦးစွာအလေးထားစဉ်းစားရမည်။

**ကြံတိုင်းအောင်**

ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်စေမည့် အဓိကအချက်များကို ဆက်လက်ဖော်ပြပါမည်။ အစာအာဟာရမဟုတ်သော သရေစာအမှိုက်စများ မစားမိပါစေနှင့်။ လူတိုင်းကိုယ်စီတွင် လိုချင်ရချင်သော အခြေခံအချက်က သုံးချက်ရှိလေသည်။ ထိုလိုအင်ကို ပြည့်စုံစေသောအဖြေကို မြတ်စွာဘုရားက တိကျစွာ ဟောခဲ့ဖူးပြီးသားလေ။

၁။ ငွေကြေးနေ၊ ဥစ္စာပရိဘောဂ ပြည့်စုံကြွယ်ဝချင်သလား **ဥဋ္ဌာန**။ မပျင်းရိလေနှင့်။ ထက်သန်တက်ကြွ ကိုယ်တိုင်ကြိုးစား လုံ့လရှိရမည်။ ချမ်းသာလိမ့်မည်။ လိုရာပြည့်စုံမည်။

၂။ လှချင်ပချင် တင့်တယ်ချင်သည်လား။ ရပါသည်။ ပြင်တတ်ဆင်တတ်ရမည်။ **မဇ္ဈကာဝိဘူသနာ**။ စတိုင်ကျကျ ဝတ်တတ်စားတတ်၊ နေတတ် ထိုင်တတ်ပါစေ။ စိတ်ကောင်းမွေးလေ။ စိတ်ကြည်လင်ပါစေ၊ စိတ်လှလေလေ ရုပ်လှလေလေ။

၃။ ရောဂါကင်းရှင်း ကျန်းမာခြင်းကို ရချင်သည်လား။ **သပ္ပါယကရိယာ**။ မသင့်တာမစားနှင့်။ မတည့်တာရှောင်။ အနေအထိုင် အစားအသောက်၊ အခြေအနေနှင့်လိုက်လျောညီထွေ နေတတ်ရပေမည်။

အထက်ပါသုံးချက်က လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး လိုချင်တောင့်တ ရှိကြစမြဲဖြစ်၏။ အောက်ပါခုနစ်ချက်တော့ ရချင် ယူချင်သူလည်း ရှိ၏။ မလိုချင်လှပါဆိုသူလည်း ရှိတတ်၏။ မည်သို့ပင်ဆိုစေ တောင့်တလိုရာ ပြည့်စုံပါစေခြင်းငှာ ဆက်လက်ဖော်ပြပါမည်။ အကျယ်သိလိုပါက ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသတရားတော်များကို ဆက်လက်ရှာဖွေ နာယူမှတ်သားနိုင်ပါသည်။

**❖ အချိန်ကုန်ခံပြီး စာဖတ်မည်ဆိုလျှင် ထိုက်တန်သောအကျိုးအမြတ်ရမည့် စာမျိုး၊ စာပေမျိုး၊ သတင်းအချက်အလက်မျိုးကိုရွေး၍ ဖတ်ရှုပါ။ အရည်မရ၊ အဖတ်မရ စကားမျိုး၊ အကျိုးမရှိသော အမှိုက်သရိုက်ကဲ့သို့ သတင်းအချက်အလက်မျိုးများနှင့် စာဖတ်သူ၏ တန်ဖိုးရှိသောအချိန်ကို မကုန်ဆုံးပါစေနှင့်။ အချိန်မဖြုန်းလေနှင့်။ စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာ၊ မြင်စရာ၊ ကြားစရာ၊ ဖတ်စရာ၊ မှတ်စရာအားလုံးတွင် လာချင်ရာလာ၊ ကြည့်ချင်ရာကြည့် ဤသို့စနစ်မရှိဘဲ အချိန်မကုန်စေသင့်ပေ။ သတင်းအခြေအမြစ်နှင့် သတင်းအကြောင်းအချက်ကို အကဲခတ် တန်ဖိုးဖြတ်တတ်စေလိုပါသည်။ အချိန်က တန်ဖိုးအရှိဆုံးပင်။ ❖**

**ဆောင်တိုင်းမြောက်**

လူဖြစ်လာရ လူ့ဘဝကို အဓိပ္ပာယ် အနှစ်သာရရှိစေရန် ရည်ရွယ်ချက်၊ ရည်မှန်းချက် သုံးဆင့်ထားရှိသင့်လေသည်။

၁။ အမြင့်ဆုံး အဝေးဆုံး မျှော်မှန်းချက်များ Strategic Objectives.

လောကကို ကောင်းကျိုးပြုရန်၊ အကျိုးဆောင်ပေးရန်(ဆောင်းပါးအစ အင်္ဂလိပ်ပြဇာတ်ရေးဆရာ ဂျော့ဂျ်ဘားနတ်ရှော၏ သဘောထားမျိုး ခံယူရှုမြင်တတ်ပါစေ။ ဤကား ဘဝကိုတန်ဖိုးမြင့်မားစေလေသည်။) သင်က လောကကို ဘယ်လိုအလှဆင်မှာလဲ။

၂။ ဘဝမျှော်မှန်းချက်ရှိရမည်။ Vision.

ရည်ရွယ်ချက်က ငါဘာဖြစ်ရမည်။ ငါ့ဘဝကို ဘယ်လိုဖြတ်သန်းမည်။

၃။ ရည်မှန်းချက်တာဝန် ရေးထားပါ။ Mission

တစ်နည်းအားဖြင့် သင့်ဘဝခရီးစဉ်ကို မဟာဗျူဟာ၊ နည်းဗျူဟာ၊ လက်တွေ့လုပ်ဆောင်စရာ (သေသေချာချာ တိတိကျကျ ချရေးထားပြီး) နေ့စဉ်ဖတ်ပါ။ ရွတ်ဆိုပါ။ ရည်ရွယ်ချက်မရှိ၊ ရည်မှန်းချက်တော်အိရော်အိဆိုပါက ဘာမှ ထွန်းပေါက်အောင်မြင်စရာ မရှိလောက်ပါ။

**ဘာတွေလိုမလဲ**

၁။ ဘာတွေလိုမလဲဆိုလျှင် မရှိမဖြစ်ရှိရမှာကား မိတ်ကောင်းဆွေကောင်း၊ ဆရာသမားကောင်း၊ ရဲဘော်ရဲဘက်ကောင်း၊ သစ္စာရှိ တပည့်တပန်းကောင်းများပင်။ သူတို့ဆီက ကြီးမားကျယ်ပြန့်သော အထောက်အကူစွမ်းအားများ အများကြီးရစေနိုင်ပေသည်။ ကလျာဏမိတ္တ။ မိတ်ကောင်းဆွေကောင်းများ များသလောက် သင်ကား ကြီးမြောက်မြင့်မားပါလိမ့်မည်။ မိတ်ဆွေကောင်း ရှားပါးလျှင်သော်လည်းကောင်း၊ မှုဆိုးများ၊ တံငါများကြားတွင် ရောက်နေလျှင်သော်လည်းကောင်း၊ သေ့ညီနံ့၊ ငါးညီနံ့များနှင့် လုံးချာလည် လိုက်နေမည်။ အပေါင်းအသင်းကောင်းလျှင် တရားနာပွဲသို့ရောက်ခွင့်ရပြီး ဖဲသမား၊ အရက်သမားများနှင့် ပေါင်းမိပါက ဖဲဝိုင်း၊ အရက်ဝိုင်းတွင် ယစ်မူးပျော်ပါးနေမိမှာပဲ။

၂။ နောက်တစ်ချက်က ကုန္နိယသံဝရသီလဟူသော မိမိစိတ်ကို ဖြူစင်ယဉ်ကျေးအောင် စောင့်ရှောက်တတ်သော အလေ့အကျင့်ကို မွေးမြူပျိုးထောင်ရပါမည်။ လောဘဖြစ်စရာရှိ လောဘဖြစ်၊ ဒေါသဖြစ်စရာရှိက ဒေါသဖြစ် ဤကဲ့သို့ စိတ်အလိုနောက်သို့မထိန်းနိုင် မသိမ်းနိုင်လွှင့်မျောပါနေသော် ပျက်စီးရာလမ်းသို့ လိမ့်ဆင်းသွားလိမ့်မည်။ မြင့်မြတ်သောလူဖြစ်အောင်၊ စိတ်ကောင်းနှလုံးကောင်းရှိအောင် လေ့ကျင့်ယူနေပါ။ (လက်ဖေ့ ချန်ပီယံပဲဖြစ်ဖြစ်၊ ရွှေဖိနပ်ဆု ထပ်ခါထပ်ခါရသော ဘောလုံးချန်ပီယံပဲဖြစ်ဖြစ် သူများထက်ပိုပြီး လေ့ကျင့်ခဲ့ခြင်းကြောင့် ထူးခြားထူးချွန်ခြင်းပင်)

၃။ မိတ်ဆွေကောင်းများ မိမိတွင်ရှိနေစေရန်မှာ အဝိသံ ဝါဒနာတဲ့။ မိမိက သစ္စာရှိရမည်။ ကတိတည်ရမည်။ မိတ်ဆွေများကို ပေးဝေစွန့်ကြဲရပေမည်။ ချိုသာချေငံစွာ ပြောဆိုဆက်ဆံရမည်။ ကူညီရမည်။

**အသင်းအပင်း**

၄။ မိတ်ဆွေကောင်းတွေလည်း ပြည့်စုံနေပြီ။ အကျင့်သီလလည်း ရှိနေပါပြီ။ ဘာလိုသေးသနည်း? သစ္စာယကရိယာ အထွေထွေဗဟုသုတ အကြားအမြင်များ ရပါဦးမည်။ လျင်မြန်စွာပြောင်းလဲနေပြီး သတင်းအချက်အလက်နှင့်နည်းပညာများ ပေါက်ကွဲထွန်းကားနေသောခေတ်တွင် မျက်စိဖွင့်၊ နားစွင့်၊ အမြဲတစေ လေ့လာဆည်းပူးသင်ယူနေပါမှ တော်ကာကျပါမည်။ ဗဟုသုတလေ့လာနေပါ။

၅။ ဗဟုသုတ သိမြင်နေခြင်းနှင့် မပြီးသေး။ သုသုတာ။ စနစ်တကျစဉ်းစားဆင်ခြင် ဝေဖန်တတ်ရန် လိုပြန်သည်။ ဉာဏ်ပညာ Wisdom လိုပေသည်။ ဒါဆို ဘာလုပ်ရမလဲ။ ပညာသင်ယူလိုစိတ် နိုးကြားပါ။ ပညာဆည်းပူးဖို့ရာ စိတ်ပါဝင်စားပါ။ မေးမြန်းပါ။ စူးစမ်းပါ။ သင်ယူလေ့လာပါ။ လေ့ကျင့်ပါ။ ဒါမှ သင်၏ လိုအင်ဆန္ဒ ပြည့်ဝမှာပါ။

၆။ နောက်တစ်ချက်က မေ့မှတဲ့။ ကုသိုလ်ကမ္မပထတရားဆယ်ပါးကို သိပါစ။ မသိသေးလျှင် သိအောင်ရှာဖွေလေ့လာပါ။ မှန်တာကိုသာ ပြောဆိုပါ။ အကျိုးရှိတာပဲပြောပါ။ မှန်သည် အကျိုးရှိသည်ဆိုသော်လည်း အချိန်အခါ အခြေအနေက ပြောသင့်မှသာပြောဆိုပါ။ ပြောဆိုရာတွင် ရင်ထဲက မေတ္တာပါပါစေ။ ချိုသာယဉ်ကျေးပါစေ စသော ဓမ္မ တရားသဘောနှင့်ညီညွှတ်မှ ကောင်းကျိုးရပါမည်။

၇။ ဤဘဝနှင့်မပြီးသေး။ ဘဝကူးကောင်းချင်ကြပါသည်။ သမ္မာသတိ ကောင်းကျိုးရှိမှာကိုသာကြံပါ၊ တွေးပါ။ ပြောဆိုပါ။ လုပ်ဆောင်ပါ။ လူသားအားလုံးသည် မိမိကဲ့သို့ ဘေးရန်ကင်းကွာ ကိုယ်ကျန်းမာ စိတ်ချမ်းသာနေလိုကြသူချည်းပဲဖြစ်ကြောင်း စာနာပါ။ ကြင်နာပါ။ နားလည်ပါ။

**နိဂုံး**

ထိုအခါ လူသားအချင်းချင်း တန်ဖိုးထား လေးစားရကောင်းမှန်း သိသူသည် မသေမီနှင့်သေအံ့ဆဲဆဲ၊ သေပြီးနောက်ဘဝတို့တွင် ဆိုးကျိုးမှုချ အကျိုးဆက်ခံစားရမည့် သူတစ်ပါးအကျိုးစီးပွားပျက်ပြားအောင် လုယက်၊ အနိုင်ကျင့်၊ ဓားပြတိုက်၊ နှိပ်စက်၊ သတ်ဖြတ်၊ ကျောင်းများ၊ အိမ်များကို မီးရှို့၊ လျှပ်စစ်တာဝါတိုင်များ၊ မြစ်ကူးချောင်းကူးတံတားများကို မိုင်းခွဲချိုးဖျက်၊ အများအကျိုးပျက်စီး၊ ဒုက္ခရောက်အောင် လုပ်ဆောင်နေခြင်းမျိုးကို လူ့အသိဉာဏ်ဖြင့် ဆင်ခြင်ရှောင်ရှားနိုင်ပါလိမ့်မည်။ တောရိုင်းတိရစ္ဆာန်လို မိုက်ရိုင်းကြမ်းတမ်းနေသူများကား သူ့လမ်းသူသွားကြမှာပင်။ သဝေ့သတ္တာ ကမ္မဿကာ။ သူရွေးချယ်ရာ သူရောက်မှာ။

မိမိတို့ လိမ္မာသူ၊ ယဉ်ကျေးသူ၊ စိတ်ကောင်းစိတ်မြတ် ပြည့်စုံသူတို့ကား ကောင်းကျိုးလိုအင်ဆန္ဒ ပြည့်ဝကြပါလိမ့်မည်။ ကောင်းမွန်သော၊ မှန်ကန်သော၊ လမ်းကြောင်း၊ အကျင့်တရားတို့ကို လေးစားစွာ ရှာဖွေတင်ပြအပ်ပါသည်။

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် နွေရာသီအခြေခံပန်းချီသင်တန်း ဖွင့်လှစ်သင်ကြားမည်



**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် အခြေခံပညာမူလတန်းကလေးများအတွက် နွေရာသီအခြေခံပန်းချီသင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပန်းချီပန်းပုပညာရှင်များ အစည်းအရုံး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဗဟိုအလုပ်အမှုဆောင် ပန်းချီ ဝေလင်းက ပြောပြ၍ သိရသည်။

အဆိုပါ အခြေခံပညာမူလတန်းကလေးများအတွက် နွေရာသီအခြေခံပန်းချီသင်တန်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၀ ကိုလက်ခံကာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ (၃၆) ရပ်ကွက်ဓမ္မာရုံကြီးတွင် မေ ၃၀ ရက်မှ စတင်ကာ မေ ၆ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းက အခြေခံပညာမူလတန်းကျောင်းမှာ သင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေထဲက စိတ်ပါဝင်စားပြီးတော့ အချိန်ပေးသင်တန်း တက်ရောက်လိုသူ သားငယ်၊ သမီးငယ်တွေကို မေဖော်ဝါရီလကတည်းက ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ သင်တန်းမှာ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေကို အခမဲ့ပံ့ပိုးပေးမှာ ဖြစ်ပါတယ်။ လာရောက်ပို့ချပေးမဲ့ ဆရာ၊ ဆရာမတွေကတော့ မြန်မာနိုင်ငံ ပန်းချီပန်းပုပညာရှင်များအစည်းအရုံး (ဗဟို)က ဖြစ်ပါတယ်"ဟု ပန်းချီ ဝေလင်းက ပြောပြသည်။

အဆိုပါသင်တန်းတွင် ပန်းချီရေးဆွဲနည်းများ၊ မျဉ်းအကြောင်း၊ ဆတိုး၊ ဆခွဲနည်း၊ (မျက်လုံး၊ နား၊ နှာခေါင်း၊ ပါးစပ်)၊ ခန္ဓာကိုယ်ရေးဆွဲနည်း၊ သစ်ပင်ပန်းမာလာရေးဆွဲနည်း၊ အနီး၊ အဝေးနည်းပညာ၊ အရာဝတ္ထုရေးဆွဲနည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ကာရန်လွဲမေတ္တာ ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်

**ရန်ကုန် မေ ၂၀**

ကာရန်လွဲမေတ္တာ ရုပ်သံဇာတ်လမ်းတွဲကို မေ ၉ ရက်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ဖန်တီးရိုက်ကူးပုံဖော်ခဲ့သူ ဒါရိုက်တာ ကိုကိုဝင်းက ပြောပြ၍ သိရသည်။

ကာရန်လွဲမေတ္တာ ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာမကြီး နေနွယ်ဇင်မြင့်၏ အောင်မြင်ကျော်ကြားသော ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ဖြစ်သည့် အဆိပ်သင့်မေမေဝတ္ထုကို အေးကြည်သာဟန်၊ နီလာရှိန်နှင့် မယ်မင်းဘုံတို့က ဇာတ်ညွှန်းခွဲထားခြင်းဖြစ်ပြီး Niyyayana Entertainment က ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဆရာမကြီး နေနွယ်ဇင်မြင့်ရဲ့ နာမည်ကြီးဝတ္ထုကို ရုပ်သံဇာတ်လမ်းတွဲအဖြစ် ဖန်တီးရတဲ့အတွက် တာဝန်ကြီးပါတယ်။ အကောင်းဆုံးဖြစ်အောင် ပုံဖော်ရိုက်ကူးထားပါတယ်။ သရုပ်ဆောင်တွေကလဲ MRTV-4 ရဲ့ ဝါရင့်သရုပ်ဆောင်တွေဖြစ်တဲ့အတွက် မူလအရသာ မပျက်ခံစားရမယ်လို့တော့ ပြောလိုပါတယ်"ဟု ဒါရိုက်တာ ကိုကိုဝင်းက ပြောပြသည်။




ကာရန်လွဲမေတ္တာရုပ်သံဇာတ်လမ်းတွဲကို မေ ၉ ရက်မှ စတင်ကာ MRTV-4 ရုပ်သံလိုင်းတွင် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၇ နာရီတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲတွင် အပိုင်း (၁၆) ပိုင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် MRTV-4 သရုပ်ဆောင်များဖြစ်ကြသည့် နက္ခတ်၊ ကောင်းဆက်နိုင်၊ မေမြင့်မိုရ်၊ ချူချူချာန်၊ ဂရိတ်ချန်း၊ အဲဝေသာ၊ အိမ့်ကြည်ဖြူတို့နှင့်အတူ ဝါရင့်သရုပ်ဆောင်များဖြစ်သည့် ရဲအောင်၊ မင်းသူ၊ ချိုပြုံး၊ ခင်မို့မို့အေး၊ သန်းသန်းစိုးစသည့်အနုပညာရှင်များက ပံ့ပိုးပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ မြင်းဦးခေါင်းပိုင်းပန်းပုရုပ်များ ဝင်ရောက်လာ

**ပဲခူး မေ ၂၀**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ရင်းတိုက်သားဖြင့်ထုလုပ်ထားသည့် မြင်းဦးခေါင်းပိုင်းပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွှေမော်ဓောဘုရားကြီးအနီးရှိ သီရိရတနာအောင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြ၍ သိရသည်။

အဆိုပါ မြင်းဦးခေါင်းပိုင်းဆေးခြယ်ပြီးပန်းပုရုပ်များမှာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်မှ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုရုပ်အရေအတွက် ၇၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမြင်းဦးခေါင်းပိုင်းတွေကတော့ အရွယ်အစားကြီးဝင်လာတာဖြစ်ပါတယ်။ အရွယ်အစားသေးအနေနဲ့ လေးလက်မ၊ ခြောက်လက်မတွေလဲဝင်ဖူးပေမဲ့ ဒီလိုအရွယ်အစားကြီးကတော့ အခုမှ ဈေးကွက်ထဲဝင်လာတာဖြစ်ပါတယ်။ ဈေးကွက်ထဲမှာတော့ အခုနောက်ပိုင်းမှာ မြင်း၊ ဆင်၊ ကျား စတဲ့ပန်းပုရုပ်တွေက တစ်ကိုယ်လုံးနဲ့ဆိုရင် ဦးခေါင်းပိုင်းတွေက ပိုပြီးအဝယ်များတယ်။ ဆေးခြယ်သထားပြီးတော့ လှပသေသပ်တဲ့အတွက် ဝယ်ယူသူများပါတယ်။ ဝယ်ယူသူအများစုကတော့ လက်ဆောင်ပေးဖို့ထက် ရုံးခန်း၊ ဟိုတယ်နဲ့ နေအိမ်ဧည့်ခန်းတွေမှာ အလှထားဖို့ဝယ်ယူကြတာများပါတယ်"ဟု သီရိရတနာအောင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြသည်။

အဆိုပါ ရင်းတိုက်သားဖြင့် ထုလုပ်ထားသည့် မြင်းဦးခေါင်းပိုင်းပန်းပုရုပ်မှာ အမြင့် ၁၀ လက်မ အရွယ်အစားရှိပြီး ပန်းပုရုပ်တစ်ရုပ်လျှင် ငွေကျပ် ၈၀၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ လတ်တလောတွင် ပန်းပုရုပ် ၂၀ ခန့်ရောင်းချထားကြောင်း သိရသည်။ ASH

# Blade အတွက် ဝတ္ထုဇာတ်ညွှန်းကို နစ်ပစ်ဇိုလက်တိုက ရေးသားပေးမည်

**နယူးယောက် မေ ၂၀**

မာဗယ်စတူဒီယို၏ Blade ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နစ်ပစ်ဇိုလက်တိုက တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း The Hollywood Reporter သတင်းဝက်ဘ်ဆိုက်က မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။


ဇာတ်ညွှန်းရေးဆရာ နစ်ပစ်ဇိုလက်တိုသည် နာမည်ကျော် True Detective ရုပ်သံဇာတ်လမ်းတွဲအတွက် ဝတ္ထုဇာတ်ညွှန်းရေးသားပေးခဲ့သူဖြစ်သည်။

Blade ဇာတ်ကားကို ပြင်သစ်ဒါရိုက်တာ ယန်းဒီမင်ဂျီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား မာဟာရှာလာအလီ၊ မင်းသမီး မိုင်ယာဂိုတ်ကို အဓိကနေရာများ၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Blade ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို လာမည့်မေလအတွင်း အတ္တလန္တာမြို့၌ စတင်ရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

Blade ဇာတ်ကားကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

KKO




# Gladiator နောက်ဆက်တွဲဇာတ်ကား၌ မင်းသား ဂျိုးဆက်ကွင်း ပါဝင်မည်ဖြစ်

**နယူးယောက် မေ ၂၀**

Gladiator နောက်ဆက်တွဲဇာတ်ကား၌ Stranger Things မင်းသား ဂျိုးဆက်ကွင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ Gladiator ဇာတ်ကားတွင် မင်းသား ဂျိုးဆက်ကွင်းသည် ရောမဧကရာဇ်ကာရာကယ်လာအဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Gladiator ဇာတ်ကားတွင် မင်းသား ဂျိုးဆက်ကွင်းသည် မင်းသား ပေါမက်စကယ်၊ ဒန်ဇယ်ဝါရှင်တန်၊ မင်းသမီး ကွန်ဒီနီအယ်ဆင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Gladiator-2 ဇာတ်ကားကို မူလ Gladiator(2000) ဒါရိုက်တာ ဆာရစ်ဒလေစကော့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Gladiator-2 ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို မကြာမီကာလအတွင်းစတင်ရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ရုံတင်ပြသရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO



# Message of Greetings sent by Chairman of State Administration Council Prime Minister of Government of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to ceremony to mark International Workers' Day 1 May 2023

**Esteemed workers**

I extend my message of greetings with the best wishes for all ethnic national brethren including migrant workers in foreign countries together with the whole massive workers in Myanmar to be physical and mental well-being with auspiciousness as today is a significant occasion of the International Workers' Day honouring the workers throughout the world.

In retrospect, International Workers' Day is a historic day which must be valuable for workers who possessed the rights of workers by overcoming uncountable difficulties. Hence, 1 May 1889, was designated as International Workers' Day from 1 May 1890. From then on, ceremonies to mark International Workers' Day have been held across the world. Myanmar started annually marking International Workers' Day on 1 May 1938.

**Esteemed workers**

As the development of a country depends on boosting productivity and enhancement of the service qualification, a special emphasis is being placed on protecting the massive workers who are manufacturing quality products with physical and mental strengths, enabling workers to enjoy entitlements and peaceful and prosperous workplaces and ensuring the betterment of worksite relations between employers and employees.

In order for the government to especially protect the interests of workers, Section 24 of the Constitution (2008) of the Republic of the Union of Myanmar stipulates **"The Union shall enact necessary laws to protect the rights of workers"** whereas Section 31 mentions **"The Union shall, to the extent possible, assist to reduce unemployment among the people."**

The State Administration Council is implementing the roadmap and objectives for the economic development of the nation and enhancement of the socioeconomic life of the people, the point **"to assure support for the sustainability of Micro-, Small- and Medium-sized Enterprises (MSMEs) that prioritizes import substitution, export production, and the use of domestically produced raw materials, and order to increase domestic production and generate employment opportunities"** was inserted into the economic objective with the aim of uplifting the social life of workers and booming the State economy, and successful implementation of such an objective much depends on the strength of workers.

**Esteemed workers**

The government assists in domestic manufacturing for development, shaping the country from importer to exporter, enhancement of the basic education sector, turning out qualified human resources, producing qualified skilled labours, conducting vocational courses in rural areas, and sustainable development of MSME businesses to improve socioeconomic life of the people and generating jobs.

The National Skills Standards Authority-NSSA has been formed to produce skilled workers in line with the advancement of new technologies aimed at emerging a massive worker with competitive capability in the international arena so as to develop the qualification and skills of workers who are a primary drive in the manufacturing sector. In so doing, the government is implementing the work procedures on assessment for skills and recognition.

**Esteemed workers**

The government, employers and employees are striving together for operating factories and industries including garment industries based on labour forces in continuity for booming the State economy and creating employment opportunities. On the other hand, the government allows foreign companies and ethnic entrepreneurs to operate the businesses on the basis of cutting, making and packaging (CMP) and foreign investment in Myanmar under the Myanmar Investment Law.

Labour attachés have been assigned in Thailand, Malaysia and the Republic of Korea where the majority of Myanmar workers work providing entitlement to those Myanmar migrant workers abroad in line with the laws of relevant countries. Moreover, Myanmar embassies in relevant countries protect those Myanmar workers.

Myanmar is exercising provision 87 of the ILO for freedom of formation and organizing of associations for safeguarding the rights of employees, improvement of relations between employers and employees, systematic and free formation of employee organizations and enjoying entitlements including health and social security for employees in addition to worksite safety. In accord with the Labour Organization Law 2011, the government allowed 3,015 employee organizations and 28 employer organizations and cooperates with them in all measures.

**Esteemed workers**

Aimed at contributing to the economic development of the State with increasing productivity for enabling workers who are the primary productive force of the State to enjoy social life security and healthcare services, three workers' hospitals, 96 social security clinics, 58 departmental dispensaries, one traditional medicine clinic, 36 private hospitals and clinics and two mobile medical units are providing medical treatment to the insured workers and issuing monetary compensation.

Workplace safety and health entitlements are verified and supervised at factories, workshops and workplaces, and knowledge-sharing talks are focused on workplace safety and the health of workers.

Procedures are being implemented to minimize child labour, especially in the force to work in the worst form, effectively protect child workers who are legally allowed to work, seek proper work for child workers from dangerous workplaces, and create chances for them to attend vocational courses.

The arbitration council, arbitration panel and negotiation teams have been formed to solve the problems and to manufacture more products through coordination in the workplaces between employers and employees, to strengthen cooperation, to obtain good results in workplaces, decline disputes and improve mutual trust in the workplaces.

**Esteemed workers**

Now is the time to apply geographical conditions and the nature of climatic conditions of Myanmar to develop the country in harmony with the socioeconomic improvement of citizens. The government's focus on the interests of the State and the ethnic people is shaping a better State and socioeconomic life in line with the motto: **"Keep Moving Forward to Achieve Our Goal."**

In this regard, it is necessary to strive for seeking the best ways and means to practically serve the interests of the entire people. As Myanmar is endowed with a lot of natural resources, the role of workers must be relied on for the improvement of business and manufacturing at home with the encouragement of the government.

Cooperation of workers with the government may reflect enhancement of manufacturing for the long-term development of the country, socioeconomic security of the people, peace and prosperity of the State and food security as well as improvement of health, education and social sectors in synchronization.

In conclusion, the government is implementing the objects in all sectors in order to turn out human resources required in restoring the internal peace, shape the market economic system and build a modern, developed Union based on democracy and federalism. As the massive workers which is a primary force make concerted efforts for the enhancement of fraternity and unity with the Union spirit so as to contribute to the peace and stability as well as the rule of law for the whole Union for ensuring socioeconomic life security of the people, I would like to send this message of greetings by recognizing the endeavours of the workers.

# New navigation signs to be posted in places of damaged ones along Mandalay-Tagaung watercourse in Ayeyawady River



A new navigation sign being set up.

**Mandalay April 30**

As water level in Ayeyawady River rises, damaged navigation signs along the water course of the river between Mandalay and Tagaung will be substituted with new ones in coming May, said assistant director U Ye Tun Lin Aung of the Mandalay Region Department of Water Resources and Improvement of River Systems.

In March this year, 140 navigation signs in the water and 100 more signs on the bank, totalling 240 were erected in the water course for safety driving of vessels in Ayeyawady River. But, rising water level of the river destroyed some navigation signs.

"Some navigation signs floated in the river due to high level of water. Moreover, the recent strong winds also destroyed the navigation signs. So, some 50 navigation signs may lose along the course," said the assistant director.

Hence, navigation signs for damaged ones and necessary ones will be erected along the water course in coming May. According to the plan, 240 navigation signs will be allocated along the route.

Passenger vessels and cargo ships running from Mandalay to Tagaung need to take care of water course not to face stranding and wrong water course at the lower level of water in the river. 184

# Seintalone mango fetches K7,000 per 10-fruit carton in Kyaiklat Township

**Kyaiklat April 30**

Price of Seintalone reaches K7,000 per 10-fruit carton in Kyaiklat Township of Pyapon District in Ayeyawady Region, said Daw Ei Ei Htwe, owner of Fruit Trading Depot.

In March, Seintalone fetched K4,300 per 10-fruit carton compared to K7,000 per carton as from the second week of April.

"Now, domestic Seintalone mango fetches K7,000 per carton in the market. High demand from foreign market and low yield of domestic farms surge the prices of Seintalone mango. Some merchants buy the whole farm of Seintalone mango. Local people grow Seintalone as well as other species of mangoes in Kyaiklat Township," said Daw Ei Ei Htwe.

Mango depots and local businesspersons purchase Seintalone mangoes from local farms in Kyaiklat Township and send it to Singapore and Thailand via Yangon. Kyaiklat Township grows Seintalone, Yinkwe, Machitsu, Shwehintha and Parni mango strains.

Kyaw Kyaw Lin



Seintalone mangoes displayed in baskets for sale.

# Garlic imported from China fetches K5,500 per viss due to low inventory in Mandalay market

**Mandalay April 30**

As inventory of garlic is low in the domestic market, garlic imported from China fetches K5,500 per viss, said Daw May Thei Swe, owner of Aung onion and potato depot in Mandalay.

Currently, import volume of garlic from China is down in Mandalay market while inventory of garlic is lesser. So, price of garlic goes up in the domestic market.

"Now, new garlic from China inflow to Mandalay market is down. So, price of garlic surges in the market," she added.

In the first week of April, imported garlic fetched K4,200 per viss in Mandalay market, compared with K5,500 per viss on 25 April.

"Price of garlic is high again in the market due to low inventory. If garlic from China flows into the market again, its price may be stable," said continued.

184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ludhiana gas: Mystery leak kills 11 in Indian city

**Delhi April 30**

At least 11 people have died following a gas leak in northern India.

Women and children are among those who died in the port city of Ludhiana in Punjab state. Several people were found unconscious in their homes.

The area was sealed off and residents were evacuated after many reported breathing difficulties. Four are being treated in hospital.

The source of the leak is not clear so far. One official suggested that gas may have spread from manholes.

PTI news agency quotes Ludhiana Deputy Commissioner Surabhi Malik as saying: "We are going to collect samples from manholes. It is quite likely that some chemical reacted with methane in manholes."

Rajinder Pal Kaur Chhina, a local legislator, told Reuters news agency that the incident had happened near a milk shop. "People who came to buy milk in the morning, fell unconscious outside," she said.

A team from the National Disaster Response Force has been sent to the site, in the Giaspura area of Ludhiana. There are factories nearby.

Industrial gas leaks are not rare in India.

Three years ago a gas leak at a chemical plant killed least 12 people in the city of Visakhapatnam, in the state of Andhra Pradesh.

In 1984 a chemical leak in a pesticide plant at the central city of Bhopal killed thousands of people, in what is acknowledged to be the world's worst industrial disaster.

BBC



Emergency workers are trying to determine the source of the leak.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## CH-53K King Stallion ရဟတ်ယာဉ်အတွက် အင်ဂျင် ၁၆၉ လုံးကို ဒေါ်လာ ၆၈၄ သန်းဖြင့် အမေရိကန်နှင့် အစ္စရေးမှာယူ



အမေရိကန်နှင့် အစ္စရေးတို့သည် CH-53K King Stallion ရဟတ်ယာဉ်အတွက် General Electric Aviation ကုမ္ပဏီထံ T408 တာဘိုရှပ်အင်ဂျင် ၁၆၉ လုံးကို နှစ်နိုင်ငံပူးတွဲဝယ်ယူခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၈၄ သန်းတန်ဖိုးရှိ ဝယ်ယူရေးသဘောတူညီချက်တစ်ခုလည်းဖြစ်ကြောင်း မေ ၂၈ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အင်ဂျင်များသည် အမေရိကန်နှင့် အစ္စရေးတို့ပိုင်ဆိုင်ထားသော CH-53K King Stallion အကြီးစားကုန်တင်ရဟတ်ယာဉ်များအတွက် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်ကို ပေးစွမ်းနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြသည်။

စာချုပ်ပါကြေညာချက်အရ T408 အင်ဂျင်များကို ပုံစံသုံးမျိုးဖြင့် တိုးမြှင့်ထုတ်လုပ်သွားလိမ့်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ရေတပ်(US Navy)သည် ထုတ်လုပ်ရေးအမှတ်စဉ် ၈ ပါဝင်ဖွဲ့စည်းပုံ (lot 8 configuration) တွင် အင်ဂျင် ၅၄ လုံး၊ lot 7 Configuration တွင် ၃၉ လုံး နှင့် lot 6 Configuration တွင် ၃၆ လုံး အသီးသီး လွှဲပြောင်းလက်ခံရရှိသွားမည်ဖြစ်သည်။ အစ္စရေးနိုင်ငံဘက်အနေဖြင့် T408 lot 8 တွင် အင်ဂျင်ရှစ်လုံး၊ lot 7 တွင် အင်ဂျင် ၁၂ လုံးနှင့် lot 6 တွင် CH-53K အင်ဂျင် ၁၇ လုံးတို့ကို လက်ခံရရှိသွားလိမ့်မည်ဖြစ်သည်။

General Electric Aviation ကုမ္ပဏီသည် အင်ဂျင်ဆက်စပ်ပစ္စည်းကိရိယာများ၊ ပရိုဂရမ်ရေးသားဖြည့်သွင်းခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးပံ့ပိုးမှုများအပြင် ကုန်ကျစရိတ်လျှော့ချရေးအစပျိုးလုပ်ဆောင်မှုများကိုလည်း တစ်ပါတည်းပံ့ပိုးပေးမည်ဖြစ်သည်။

စာချုပ်အတွက် လုပ်ငန်းဆောင်ရွက်မှုများကို အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်တွင် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် အပြီးသတ်ရေးအကောင်အထည်ဖော်ရန် မျှော်မှန်းထားသည်။

General Electric Aviation ကုမ္ပဏီ၏အဆိုအရ T408 တာဘိုရှပ်အင်ဂျင်သည် CH-53K ရဟတ်ယာဉ်သုံးနောက်ဆုံးပေါ် အင်ဂျင်အမျိုးအစားဖြစ်ပြီး အဆင့်မြင့်ဆုံးဗားရှင်းလည်းဖြစ်သည်။

၎င်းတွင် သိသာထင်ရှားသောစွမ်းဆောင်ရည်အဆင့်မြှင့်တင်မှုများ ပါဝင်လာပြီး ယခင်မျိုးဆက်ထက် ၅၇ ရာခိုင်နှုန်း စွမ်းအားပိုမိုမြင့်မားကောင်းမွန်သည်။

T408 တာဘိုရှပ်အင်ဂျင်တွင် အစိတ်အပိုင်းများ ပါဝင်ဖွဲ့စည်းမှုအနေဖြင့် ၆၃ ရာခိုင်နှုန်းလျှော့ချထုတ်လုပ်ထားပြီး အမေရိကန်နှင့် အစ္စရေးတို့သည် ရေရှည်အသုံးပြုနိုင်မှုအတွက် ငွေကြေးပိုမိုချွေတာနိုင်စေသည်ဟု သိရသည်။

**US, Israel Order 169 CH-53K 'King Stallion' Engines for $684 Million ကို ဘာသာပြန်ဆိုထားပါသည်။**

## ပါကစ္စတန်နိုင်ငံသို့ Mi-17 ရဟတ်ယာဉ်သုံးအင်ဂျင်များနှင့် အပိုပစ္စည်းများ ယူကရိန်းပံ့ပိုးပေးသွားမည်



ယူကရိန်းနိုင်ငံသည် ၎င်းတို့၏ ကာကွယ်ရေးမိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်သည့်အနေဖြင့် ပါကစ္စတန်နိုင်ငံသို့ Mi-17 ရဟတ်ယာဉ်သုံးအင်ဂျင်များနှင့် အပိုပစ္စည်းများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း The Economic Times သတင်းဌာနက မေ ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါသဘောတူညီချက်သည် ရုရှားတပ်များကိုတိုက်ဖျက်ရန် လက်နက်နှင့်ပစ္စည်းကိရိယာများ ပေးပို့ခြင်းအတွက် ပါကစ္စတန်နိုင်ငံကို ကျေးဇူးတင်ကြောင်း ပြသသည့်အနေဖြင့် ယူကရိန်းနိုင်ငံ၏ သဘောထားကို ပြသခြင်းလည်းဖြစ်သည်။

အဆိုပါသဘောတူညီချက်အရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းတန်လွှဲပြောင်းမည့်ပစ္စည်းများကို ယူကရိန်းနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Motor Sich JSC က ပံ့ပိုးပေးသွားမည်ဖြစ်သည်။

ယူကရိန်းနှင့် ပါကစ္စတန်တို့သည် ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက စစ်ရေးနှင့် စက်မှုဆိုင်ရာနီးကပ်သောဆက်ဆံရေးတစ်ရပ်ရှိခဲ့ကြသည်။ ဆယ်စုနှစ်သုံးခုကျော်အတွင်း ၎င်းတို့နှစ်နိုင်ငံကြား လက်နက်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံထိရှိလာခဲ့ဖူးသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းနှင့် ရုရှားစစ်ဆင်ရေးတွင် ပါကစ္စတန်နိုင်ငံသည် ယူကရိန်းဘက်ခြမ်း၌ မြေပြင်တပ်ဖွဲ့များ ခိုင်မာ၊ အားကောင်းလာစေရန် စစ်ရေးနှင့် လူသားချင်းစာနာမှုအကူအညီများ ပေးပို့ခဲ့သည့်နိုင်ငံလည်းဖြစ်သည်။

ပိုလန်နိုင်ငံမှတစ်ဆင့် ပါကစ္စတန်နိုင်ငံက ထောက်ပံ့၊ ပို့ဆောင်ပေးသည့် စစ်လက်နက်ပစ္စည်းများထဲတွင် Anza Mark-II လူတစ်ကိုယ် သယ်ဆောင်သွားနိုင်သော လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပါဝင်သည်။

ပိုလန်နိုင်ငံဦးဆောင်သော အကူအညီပေးရေးအဖွဲ့အစည်းသည် ယူကရိန်းနိုင်ငံကို ကာကွယ်ရေးစစ်လက်နက်၊ ပစ္စည်းကိရိယာများ ပံ့ပိုးပေးရန်အတွက် ပါကစ္စတန်ကုမ္ပဏီတစ်ခုနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံသည် ယူကရိန်းသို့ ဒုံးကျည်များလွှဲပြောင်းရန် ဂျာမန်ဆိပ်ကမ်းကိုအသုံးပြုကာ ဒုံးကျည် ၁၀၀၀၀ ကျော်တင်ပို့ပြီးဖြစ်ကြောင်း The Economic Times သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**Ukraine to Supply Mi-17 Helicopter Engines, Parts to Pakistan ကို ဘာသာပြန်ဆိုထားပါသည်။**

## ပင်မတိုက်ပွဲဝင်တင့်ကားသုံးခဲယမ်းမီးကျောက်များဖွံ့ဖြိုးတိုးတက်ရေး ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့ ပူးတွဲလုပ်ဆောင်ရန် လက်မှတ်ရေးထိုးခဲ့

ဗြိတိန်နှင့် ဂျာမနီတို့သည် နှစ်နိုင်ငံသုံး ပင်မတိုက်ပွဲဝင် တင့်ကားများအတွက် အဆင့်မြင့်သံချပ်ကာဖောက် ခဲယမ်းမီးကျောက်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးတွဲလုပ်ဆောင်မှုအတွက် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း မေ ၂၈ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။



နှစ်နိုင်ငံမဟာမိတ်အဖွဲ့သည် ၁၂၀ မီလီမီတာအဆင့်မြှင့်တင်ထားသော Kinetic Energy (EKE) အရှေ့စွမ်းအင်နည်းပညာသုံးအမြောက်ကျည်များအတွက် စည်းမျဉ်းစည်းကမ်းနှင့် နည်းဥပဒေဆိုင်ရာ အကဲဖြတ်ဆန်းစစ်ချက်များကို အောင်မြင်စွာလုပ်ဆောင်ပြီးဖြစ်သည်။

နောက်ဆုံးအဆင့်အတွက် အဆိုပါအစီအစဉ်တွင် ဗြိတိန်နိုင်ငံထုတ် Challenger 3 နှင့် ဂျာမနီထုတ် Leopard 2 ပင်မတိုက်ပွဲဝင်တင့်ကားများကြား အပြန်အလှန် အသုံးပြုလုပ်ဆောင်နိုင်စေရန်အတွက် အရည်အချင်းပြည့်မီသောလုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်လုပ်ဆောင်သွားကြရမည်လည်းဖြစ်သည်။

ထို့နောက် အရှေ့စွမ်းအင်သုံးသံချပ်ကာဖောက်ကျည် (EKE) ခဲယမ်းများကို ပင်မတိုက်ပွဲဝင်တင့်ကား နှစ်မျိုးစလုံး၌ တပ်ဆင်အသုံးပြုထားသော L55A1 ဆိုလည်မှ တိုက်ပွဲဝင်ပစ်ခတ်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ယူကေ(ဗြိတိန်နိုင်ငံ)ဟာ လက်ရှိနဲ့ အနာဂတ်ဝယ်ယူရေး လိုအပ်ချက်တွေကို ဖြေရှင်းနိုင်ဖို့ မိတ်ဖက်နိုင်ငံတွေကြား ခိုင်မာတဲ့ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တွန်းအားပေးကြိုးပမ်းလုပ်ဆောင်သွားမှာပါ"ဟု UK Defense Equipment & Support အဖွဲ့ကြီးမှ CEO Andy Start က ရှင်းပြသည်။

"ဒီချဉ်းကပ်လုပ်ဆောင်မှုကတစ်ဆင့် NATO နိုင်ငံတွေတစ်လွှား စံသတ်မှတ်မှုမြှင့်တင်ဖို့ ကျွန်တော်တို့ရဲ့စုပေါင်းအင်အားကိုမြှင့်တင်ပေးပြီး နိုင်ငံတွေအတွက်ရရှိနိုင်မှုနဲ့ စွမ်းဆောင်ရည်တွေကို လက်ရှိအနေအထားထက် အရှိန်မြှင့်တင်ဖို့အခွင့်အလမ်းတွေပေးစွမ်းလာနိုင်မှာ ဖြစ်ပါတယ်"ဟု UK Defense Equipment & Support အဖွဲ့ကြီးမှ CEO Andy Start က ပြောကြားသည်။

ဗြိတိန်နိုင်ငံ၏အဆိုအရ မိတ်ဖက်အဖွဲ့သည် ပို့ကုန်လက်ခံသူများနှင့် ပူးတွဲတီထွင်သူများအဖြစ် ပဏာမကနဦးခြေလှမ်းတွင် ပင် အခြားနိုင်ငံများကို ပူးပေါင်းပါဝင်လုပ်ဆောင်ရန် ခွင့်ပြုထားသေးသည်။

အခြား ၁၂၀ မီလီမီတာတင့်ကားသုံး ခဲယမ်းမီးကျောက်များ ဝယ်ယူရရှိနိုင်ရေး အလားအလာနှင့်ပတ်သက်၍ ဆွေးနွေးမှုများကို မိတ်ဖက်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် လမ်းဖွင့်ထားပေးမည်ဖြစ်ကြောင်း သိရသည်။

"ကနဦးအနေဖြင့် ပူးတွဲစီမံကိန်းရဲ့ ရည်ရွယ်ချက်ကို ကြေညာချက် (Statement of Intent) ကို လက်မှတ်ရေးထိုး သဘောတူညီလိုက်ခြင်းဖြင့် ဗြိတိန်နဲ့ ဂျာမနီတို့က အစီအစဉ်မှာ ပါဝင်လာနိုင်ဖွယ်ရှိတဲ့ အခြားမိတ်ဖက်တွေ တတ်နိုင်သမျှ အမြန်ဆုံးပါဝင်ခွင့်ပြုဖို့ တောင်းဆိုချက်ကို ထည့်သွင်းစဉ်းစားမယ်။ အခြားလုပ်ဖော်ကိုင်ဖက်နိုင်ငံတွေ ပါဝင်လာနိုင်ရေးကတော့ ဆွေးနွေးနေဆဲပဲဖြစ်ပါတယ်"ဟု ဂျာမနီအမျိုးသားလက်နက်တပ်ဆင်ရေး ဒါရိုက်တာ ဒုတိယဗိုလ်ချုပ်ကြီး Carsten Stawitzki က ပြောကြားသည်။

**UK, Germany Push Next Phase of Joint Main Battle Tank Ammunition Development ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရခိုင်ပြည်နယ်ရှိ ဆားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ဆားတောင်သူများကို ပြည်နယ်အစိုးရအဖွဲ့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် သိန်း ၁၀၀၀၀ ထုတ်ချေးမည်



**စစ်တွေ ဧပြီ ၃၀**

ရခိုင်ပြည်နယ်ရှိ ဆားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆားတောင်သူများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် သိန်း ၁၀၀၀၀ ကို မေလအတွင်း ထုတ်ချေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ ချေးငွေများကို ရခိုင်ပြည်နယ်ရှိ ဆားလုပ်ငန်း အဓိကလုပ်ကိုင်သည့် မြို့နယ်များမှ ဆားတောင်သူများကို အစုအဖွဲ့ပုံစံဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရခိုင်ပြည်နယ်မှာ ဆားထုတ်လုပ်တဲ့ မြို့နယ်တွေအကုန်လုံးကို ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။ ကျောက်ဖြူ၊ စစ်တွေ၊ ပေါက်တော မြို့နယ်တွေက ဆားတောင်သူတွေကို မေလလယ်လောက်မှာ ထုတ်ချေးပေးသွားမှာပါ။ ထုတ်ချေးပေးမဲ့ပမာဏနဲ့ ထုတ်ချေးပေးမဲ့ဦးရေကတော့ စာရင်းပြုစုတုန်းဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ်က ဆားကြမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၀၊ ၈၀ ခန့်သာရရှိခဲ့သော်လည်း ယခုအခါ ဆားကြမ်းတစ်ပိဿာလျှင် ပျမ်းမျှအားဖြင့် ငွေကျပ် ၁၅၀ ခန့်ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

ရခိုင်ပြည်နယ်မှ ထွက်ရှိသောဆားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်လိုအားများလာသောကြောင့် ဒေသတွင်း ဆားလုပ်ငန်းလုပ်ကိုင်သူ ၅၀ ရာခိုင်နှုန်းခန့် တိုးလာကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် နေလှန်းဆားလုပ်ငန်းကို ကျောက်ဖြူ၊ သံတွဲ၊ ပေါက်တော၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြေပုံ၊ သံတွဲ၊ မောင်တော၊ တောင်ကုတ်၊ မြောက်ဦး၊ မင်းပြားနှင့် ရမ်းဗြဲမြို့နယ်တို့တွင် ဇန်နဝါရီလမှ ဧပြီလထိ လုပ်ကိုင်လျက်ရှိကြောင်း ရခိုင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်းက ပြောပြ၍ သိရသည်။

ASH

# လဲချားမြို့နယ် နောင်ဆိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား ဧပြီ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ဝမ်လေကျေးရွာအုပ်စု နောင်ဆိုင်ကျေးရွာနှင့် ကုန်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နောင်ဆိုင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နောင်ဆိုင်ကျေးရွာနှင့် ကုန်းကောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအသင်းသား၊ အသင်းသူ စုစုပေါင်း ၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးသူ

# ပွင့်ဖြူမြို့နယ်၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့နယ်အတွင်းရှိ ကန်ပြည့်ကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ရွာခိုင်ကျေးရွာနှင့် ထူးကျေးရွာတို့တွင် လိုအပ်နေသော ကုန်ထုတ်လမ်း၏လက်ရှိလမ်းအရှည်၊ အကျယ်နှင့် မြေပြင်အခြေအနေများ၊ တံတားနှင့်ရေပြွန်ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ လမ်းဘူကြောင်းအခြေအနေနှင့်မြေနေရာရရှိနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ ရွာခိုင်ကျေးရွာနှင့် ထူးကျေးရွာတို့တွင် ဒေသခံကျေးလက်နေပြည်သူများ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျာထားပြီး အဆိုပါကျေးရွာတို့၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်မည်ဆိုပါက ကျေးရွာလေးရွာရှိ လယ်ယာမြေကေများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၄-၂၀၂၄**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၂၀၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကျင်းပ





နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် ဝန်ကြီးဌာန ၁၈ ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်များချမှတ်၍ ထိရောက်အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များကို ၎င်းတို့၏ နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင် လေ့ကျင့် သင်ကြားပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့ထိ ဝိဇ္ဇာဘွဲ့ ၅၄၆ ဦး၊ သိပ္ပံဘွဲ့ ၁၂၉၂ ဦး၊ B.Tech ၁၃၅ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၇၄၃ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၇၁၆ ဦးတို့ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား၊ ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားလေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၆ ဦး၊ Ph.D ဘွဲ့ ၁၅ ဦး၊ B.E ၃၀၁ ဦး၊ M.E ၁၅ ဦး၊ B.Tech ၄၅၂ ဦး အောင်မြင်မှုရရှိခဲ့သဖြင့် အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်းနှင့် ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတုယူ ကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း။

သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်လည်း လေ့လာသင်ယူတတ်မြောက်ခဲ့သည့် အင်ဂျင်နီယာပညာရပ်များကို လက်တွေ့မြေပြင်အနေအထားများအပေါ် မူတည်ပြီး ပေါင်းစပ်၊ နှိုင်းယှဉ်သုံးသပ်၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် အမြဲနှလုံးသွင်း ကြိုးစားကျင့်ကြံ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသားကို ထူးချွန်ဆုပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးဌာန ၁၈ ခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၈၁ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းဝင်းအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် အားကစားကွင်းပွဲကြည့်စင်၊ ဆောင်ရွက်ဆဲ လေးထပ်အင်ဂျင်နီယာ အလုပ်ရုံ၊ ဒီဂရီကောလိပ်ဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး၊ ငွေနှင်းမှို စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ခန်းမရွှေ့ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





**☆ ကျောဖုံးမှအဆက်**

ထို့နောက် အင်းလေးဒေသ၏ ဂုဏ်ယူဖွယ်ရာ ဟဲယာရွာမငွေထည်လုပ်ငန်းမှ စိန်သမာဓိ ငွေပန်းထိမ်လုပ်ငန်းသို့ သွားရောက်လေ့လာကြရာ စိန်သမာဓိ ငွေပန်းထိမ်လုပ်ငန်းရှင် ဦးစံလင်းက မြန်မာ့ရိုးရာလက်မှုပညာဖြစ်သည့် ငွေပန်းထိမ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြသ၍ လူရည်ချွန် မောင်မယ်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် လူရည်ချွန်မောင်မယ်များသည် ငွေပန်းထိမ်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ အဝတ်အထည်များကို လေ့လာကြည့်ရှုကာ ဝယ်ယူအားပေးကြသည်။

ထိုမှတစ်ဆင့် အခြေခံပညာ အထက်တန်းကျောင်း (သာလေး)သို့ ရောက်ရှိပြီး ခေတ္တရပ်နားကာ နေ့လယ်စာသုံးဆောင်ကြပြီး လူရည်ချွန်မောင်မယ်များသည် ကမ္ဘာကျော် ရွှေဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီတော်မြတ်ကြီးကို သွားရောက် ဖူးမြော် ကြည်ညိုကြသည်။

ယနေ့နေ့လယ်ပိုင်းတွင် တောင်ကြီး လူရည်ချွန် အပန်းဖြေစခန်းတည်ရှိရာ တောင်ကြီး အထက(၁) ဒေါ်ခင်သိန်းခန်းမ၌ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး အမှတ်(၄) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊အက၊ ဟာသမြူဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဗုဒ္ဓနေ့ဆိုင်ရာအခမ်းအနား ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး




**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာ အခမ်းအနားများကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ညနေပိုင်းတွင် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ အခမ်းအနားပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် သရုပ်ပြမော်တော်ယာဉ်များ ပြုလုပ်ရေး ဆပ်ကော်မတီမှ စစ်ကြောင်းအလိုက် မော်တော်ယာဉ်များ တည်ဆောက်နေမှုနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်းသို့ သွားရောက်၍ သာသနာ့အလံတိုင်များ စိုက်ထူထားရှိမှု၊ ရောင်စုံမီးများ သွယ်တန်းဆောင်ရွက်ထားရှိမှု နေ့ဆွမ်းဆက်ကပ်ပွဲ အခမ်းအနားကျင်းပမည့် နေရာပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် မဓမ္မသဘင်အခမ်းအနား၊ စာတမ်းဖတ်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်သံဃာတော်များ သီတင်းသုံးမည့် ကျောင်းဆောင်များအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော်တွင် အလံတိုင်များ စိုက်ထူရန် ပြင်ဆင်ထားရှိမှုနှင့် ဆီမီးတိုင်များစိုက်ထူရန် ပြင်ဆင်ထားရှိမှု၊ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအတွက် မဏ္ဍပ်များ ဆောက်လုပ်ထားရှိမှု၊ ရေအလုံအလောက်ရရှိရေး ပြင်ဆင်ထားရှိမှုနှင့် ဖျော်ဖြေရေး မဏ္ဍပ်ဆောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အိပ်ဆောင်များ ပြင်ဆင်ထားရှိမှု၊ ထမင်းစားဆောင်နှင့် ဆေးခန်းနေရာ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်စီစဉ်ဆောင်ရွက်ထားရှိနိုင်ရေးနှင့် ဆပ်ကော်မတီများ အချင်းချင်း ညှိနှိုင်းဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပို့ကုန်များထုတ်လုပ်ရာတွင် နိုင်ငံကာစံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးနှင့် ပြည်ပဈေးကွက်ခိုင်မာရေးကို အလေးထားဆောင်ရွက်

**နေပြည်တော် မေ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့်အတူ ယမန်နေ့က ကျွန်းစုမြို့နယ် ကက္ကလူကျေးရွာရှိ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ပုစွန်မွေးမြူရေးကန်နှင့် ပုစွန်ပြုပြင်ထုတ်လုပ်ရေးစက်ရုံများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့ကို တနင်္သာရီတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှသန်းက မြိတ်ဒေသ၌ ပုစွန်မွေးမြူရေးလုပ်ငန်း ဧက ၂၀၀၀ ခန့်ရှိပြီး ဧက ၆၀၀ ခန့် GAqP(ဂျီအေကျူပီ) ကျင့်စဉ်များကို လိုက်နာကျင့်သုံး လုပ်ကိုင်လျက်ရှိမှု၊ ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများနှင့် ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် တာဝန်ရှိသူများက တရုတ်နိုင်ငံ GACC စစ်ဆေးရေးအဖွဲ့က ပုစွန်မွေးမြူရေးကန်ကို Video Inpection စနစ်ဖြင့် အစစ်ဆေးခံခဲ့မှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက မွေးမြူရေးလုပ်ငန်းနှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ဝယ်ယူခြင်း၊ အချောကိုင်ခြင်း၊ သိုလှောင်ခြင်း၊ စစ်ဆေးခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်ကို တိကျသေချာစွာ မှတ်တမ်းတင်ထားရန် လိုအပ်ချက်များ၊ ဓာတုဓာတ်ကြွင်း စောင့်ကြည့်စစ်ဆေးမည့် အစီအမံများ၊ ငါးပုစွန်အပါအဝင် ရေသတ္တဝါဆိုင်ရာ ထုတ်ကုန်များတွင် ရောဂါကူးစက်ပျံ့နှံ့မှု မဖြစ်ပေါ်စေရေး စဉ်ဆက်မပြတ် စောင့်ကြည့်ရန်လိုအပ်ချက်များ၊ ပို့ကုန်များ ထုတ်လုပ်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဖြစ်စေရေးနှင့် ပြည်ပဈေးကွက်ခိုင်မာရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပုစွန်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ပုစွန်ကန်များ သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ပြည်ပပို့ကုန်ချော ထုတ်လုပ်နေမှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ပုစွန်မွေးမြူရေးကန် ဧက ၄၅၀ မှ တစ်နှစ်လျှင် သုံးကြိမ်မွေးမြူထုတ်လုပ်လျက်ရှိရာ နှစ်စဉ်ပုစွန် ၃၅ တန်ခန့်ထွက်ရှိကြောင်း သိရသည်။

အလားတူ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ခိုင်ဇင်ယော် ခေတ်မီရေငန်ပုစွန်မွေးမြူရေး လုပ်ငန်းသို့ ရောက်ရှိကြပြီး ပုစွန်မွေးမြူရေး လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပုစွန်ကန်များ သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ပြည်ပပို့ကုန်အဖြစ် ကုန်ချောထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ကျောက်ငါး (Epinephlus malabaricus, Malabar grouper)ကို ပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံရယူသည်။



ညနေပိုင်းတွင် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့် တာဝန်ရှိသူများသည် ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်ကုမ္ပဏီ လီမိတက်၏ ပြည်ပပို့ကုန် ပုစွန်ကုန်ချော အအေးခန်းစက်ရုံတွင် ပုစွန်ကုန်ကြမ်း လက်ခံသည်မှ ကုန်ချောထုတ်လုပ်နေမှု အဆင့်ဆင့်နှင့်ပုစွန်အေးခဲ ထုပ်ပိုးမှု လုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဂံလူရည်ချွန်စခန်းမှ ကျောင်းသား၊ ကျောင်းသူများ ပုပ္ပားတောင် ပရဆေးဥယျာဉ်နှင့် ရေမြေတောတောင်သဘာဝပေါက်ပင်တို့ကို လေ့လာ



**နေပြည်တော် မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံလူရည်ချွန်စခန်းမှ ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုပ္ပားတောင်ကလပ်သို့ လေ့လာရေးခရီး သွားရောက်ကြသည်။

လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများကို ပုပ္ပားတောင်ကလပ်၌ ကျောက်ပန်းတောင်းမြို့နယ် ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ တောင်ကလပ်ဂေါပက ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ ဒေသခံကျောင်းသား၊ ကျောင်းသူများက ကြိုဆိုခဲ့ကြသည်။

ယင်းနောက် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် တောင်ကလပ်သို့ တက်ရောက်ကြပြီး ဘုရားများဖူးမြော်ခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ သဘာဝရှုခင်းများ ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် သစ်တောဦးစီးဌာန ပရဆေးဥယျာဉ်ပြတိုက်သို့ ရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် ပရဆေးပင်များ၊ ပုပ္ပားတောင်ဥယျာဉ်အတွင်း ကျင်လည်ကျက်စားသည့် ငှက်မျိုးစိတ်များ၊ လိပ်ပြာမျိုးစိတ်များ၊ ပေါက်ရောက်သည့် သစ်ပင်အမျိုးအစားများကို လေ့လာကြရာ ပုပ္ပားတောင်ဥယျာဉ်တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများသည် Popa Mountain Resort သို့ ရောက်ရှိကြပြီး ပုပ္ပားတောင်မကြီးအလယ်မှ တောင်ကလပ်ရှုမျှော်ခင်းများကို ကြည့်ရှုကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ညောင်ဦးခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ၊ မြစ်ရေတင်လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု



**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စာရေရိက္ခာဖူလုံရေးလုပ်ငန်းများကို နိုင်ငံတော်၏မူဝါဒများနှင့်အညီ ရည်မှန်းချက်များပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ညောင်ဦးခရီးစဉ်အတွင်း တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြေအောက်တမံနှင့် မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ဦးစွာ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့ တည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆီမီး၊ ပန်း၊ ရေချမ်းဆက်ကပ်၍ အလှူငွေများ လှူဒါန်းကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘုရားဖူးသံဃာတော်များနှင့် ပြည်သူများကို ရင်းနှီးစွာနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်နေသည့် ကျောက်ပန်းတောင်းကားလမ်းဘေးရှိ ကိုင်းကျေးရွာတောင်သူ ၁၃ ဦး၏ ၂၂ ဧက နှမ်းစပါး စိုက်ခင်းနှင့် စုပေါင်းမြေဩဇာကြဲပက်ပွဲသို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးမင်းက နွေစပါးစိုက်ပျိုးရှင်သန်နေမှု၊ စိုက်ပျိုးရေပေးဝေနေမှု၊ ဆီဖူလုံမှုနှင့် ဆီထွက်သီးနှံစိုက်ဧက၊ သွင်းအားစုဖြန့်ဝေမှုအခြေအနေများနှင့် ညောင်ဦးခရိုင်အတွင်း လျာထားစိုက်ဧကနှင့် စိုက်ပျိုးပြီးစီးမှုဧက၊ တိုင်းဒေသကြီးအတွင်း နွေစပါး ၉၅၃၀၉ ဧက စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အထွက်နှုန်းထက် ပိုမိုတိုးတက်ထွက်ရှိပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် မျိုး၊ မြေ၊ ရေ၊ နည်းတို့ဖြင့် စနစ်တကျစိုက်ပျိုးသွားရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ကိုကြည့်၍ စနစ်တကျစီမံခန့်ခွဲ ကြပ်မတ်ဆောင်ရွက်သွားရေး၊ နိုင်ငံ၏ ရှိရင်းစွဲသယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချရေး၊ ကြုံတွေ့နေရသည့် အခြေအနေများကို ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရေးနှင့် လုပ်ငန်းများအပေါ် စေတနာထားဆောင်ရွက်သွားရေးတို့ကိုမှာကြားကာ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နွေစပါးစိုက်ခင်းအတွင်း မြေဩဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ခရီးစဉ်အတွင်း တိုင်းဒေသကြီးဝန်ကြီးများနှင့်အဖွဲ့သည် ဧပြီ ၂၉ ရက်က ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာရှိ ဘောလုံးကျွန်းချောင်း မြေအောက်တမံလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် မြေအောက်ရေရရှိမှုအခြေအနေများကိုလည်းကောင်း၊ ကုန်းတန်းကြီးကျေးရွာအုပ်စု သန့်စင်ကြယ်ကျေးရွာအနီးရှိ တိုင်းရင်းကြက်မွေးမြူရေး သုတေသနနှင့် မျိုးထိန်းမျိုးပွားခြံ၌ ဒေသကြက်မျိုးရင်းများ ထိန်းသိမ်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးနေမှု၊ မေထုန်မဲ့သားစပ်ခြင်းနှင့် သုတေသနလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဖျောက်ဆိပ်ပင်ကျေးရွာတွင် ရွှေ့လျားရေသန့်စင်ယာဉ်ဖြင့် မြစ်ရေကို အဆင့်ဆင့်သန့်စင်ပြီး ရရှိသည့်ရေကို ဒေသခံပြည်သူများအား ရေဖြန့်ဝေ လှူဒါန်းပေးနေမှုနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ (CSR) ဖြင့် ဆောင်ရွက်သည့် ကျေးရွာ ၁၈ ရွာ ရေရရှိရေး လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေးသုတေသနခြံ၌ သုတေသနခြံများနှင့် အဓိကသုတေသနပြုလုပ်နေသော သီးနှံများနှင့် သုတေသနလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လောကနန္ဒာမြစ်ရေတင်လုပ်ငန်း၊ ငါ့သရောက်မြစ်ရေတင်လုပ်ငန်း၌ လျှပ်စစ်မာတ်အားနှင့် တွဲဖက်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာစနစ်ကိုအသုံးပြုကာ မြစ်ရေတင် ဆောင်ရွက်နေသည့်လုပ်ငန်း၊ သူကောင်းတည်မြစ်ရေတင်လုပ်ငန်းများ၌ လုပ်ငန်းဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေပေးဝေနေမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့်အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း လိုက်လံကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြောင်းနှင့် လုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် လေကြောင်းလူငယ်စခန်းတို့မှ သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြများကို ဂုဏ်ပြုညစာစားပွဲဖြင့်ဧည့်ခံ




တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်က ရေကြောင်းလူငယ်စခန်းနှင့် လေကြောင်းလူငယ်စခန်းတို့မှ သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဧပြီ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းနှင့် လေကြောင်းလူငယ်စခန်းတို့တွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြများ၏ သင်တန်းကာလအတွင်း ဂုဏ်ပြုညစာစားပွဲကို ဧပြီ ၂၉ ရက် ညပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား ရေကြောင်းလူငယ်သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် သင်တန်းအလိုက် သင်တန်းသား၊ သင်တန်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြ၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့်အတူ ဂုဏ်ပြုညစာ အတူတကွ သုံးဆောင်ကြသည်။ ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများနှင့် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ ၂၀၂၄ ခုနှစ် မေ ၆ ရက်တွင် နေပြည်တော်၌ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ဂုဏ်ပြုအစီအစဉ်အဖြစ် **"အကယ်ဒမီပွဲကြို ရုပ်ရှင်ဇာတ်ဝင်တေးများ ဖျော်ဖြေပွဲ"** ပွဲစဉ် ၂ ကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များဖြင့်စုပေါင်း၍ ၅-၅-၂၀၂၄ ရက် (သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ရာ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

(၅-၅-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"အကယ်ဒမီပွဲကြို ရုပ်ရှင်ဇာတ်ဝင်တေးများ ဖျော်ဖြေပွဲ" ပွဲစဉ်(၂)
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | နိုင်မာလာနှင်းဆီ | ပြင်ပအဆိုရှင် |
| ၂။ | ဘယ်ပန်းချီရေးလို့မမီ | "တူယှဉ်ခွဲပျော် ဂီတပွဲတော် Season-2" |
| ၃။ | ဆုံးကမ္ဘာတိုင် | ပြင်ပအဆိုရှင် |
| ၄။ | ကုန်လွယ်လွန်းလိုက်တာ | ပြင်ပအဆိုရှင် |
| ၅။ | ကမ်းစပ်နဲ့ရေလှိုင်း | "တူယှဉ်ခွဲပျော် ဂီတပွဲတော် Season-2" |
| ၆။ | မီးပုံပွဲ | ပြင်ပအဆိုရှင် |
| ၇။ | နှလုံးသားမြို့တော် | ဌာနအဆိုရှင် |
| ၈။ | ပန်းချစ်သူ | ဌာနအဆိုရှင် |
| ၉။ | အချစ်ခေါ်သံ | "တူယှဉ်ခွဲပျော် ဂီတပွဲတော် Season-1" |
| ၁၀။ | ဆု | "တူယှဉ်ခွဲပျော် ဂီတပွဲတော် Season-2" |

# ဈေးကွက်ပေါက်ဈေးများ ၃၀-၄-၂၀၂၃

ရွှေ

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေဈေး | တစ်ကျပ်သား ကျပ် | ၂၃၄၃၃၀၀ |
| ကမ္ဘာ့ရွှေဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၉ |

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၂၄ |
| ရုရှား | တစ်ရူဘယ် | ကျပ် | ၂၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၁ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၃၀-၄-၂၀၂၃

| | | | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | မြို့အမည် | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၀၀၀ | ၂၆၀၀ | ၁၆၀၀ | ၁၃၆၀၀ | ၂၁၇၀၀ | ၁၅၀၀-၁၈၀၀ | ၃၉၀၀-၄၂၀၀ | ၃၁၀၀ | ၁၁၀၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၈၁၀၀ | ၁၄၀၀၀-၁၈၅၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၄၅၀၀ | ၂၆၀၀ | ၂၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၅၀၀၀ | ၁၂၅၀-၂၀၀၀ | ၅၀၀၀-၇၀၀၀ | ၂၀၀၀-၂၈၀၀ | ၉၅၀၀-၁၀၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၅၀၀၀-၂၈၀၀၀ | ၂၅၀-၂၈၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၄၈၀၀ | ၂၉၀၀ | - | ၁၃၅၀၀ | ၁၄၀၀၀ | ၁၈၀၀-၂၀၀၀ | ၅၆၀၀ | ၃၂၀၀ | ၁၃၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | လားရှိုး | ၄၈၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၂၀၀-၂၅၀၀ | ၄၅၀၀-၅၀၀၀ | ၂၅၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၀၀-၂၅၀ | ၃၂၀ |
| ၅ | အမ်း | ၃၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၁၅၀၀-၂၀၀၀ | ၅၀၀၀-၅၅၀၀ | ၂၀၀၀-၂၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | - | ၂၅၀၀၀-၂၇၀၀၀ | ၂၅၀ | ၃၀၀-၃၅၀ |
| ၆ | မုံရွာ | ၃၇၅၀ | ၂၃၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၀၀၀-၁၂၀၀ | ၅၀၀၀-၆၅၀၀ | ၁၈၀၀-၂၀၀၀ | ၇၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၇၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | တောင်ငူ | ၃၉၈၀ | ၂၅၀၀ | ၁၈၀၀ | ၁၅၀၀၀ | ၂၃၅၀၀ | ၁၂၀၀-၁၄၀၀ | ၄၀၀၀-၄၅၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၂၅၀ | ၃၀၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

➢ အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
➢ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
➢ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

❖ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
❖ ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
❖ အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၃)

## ခန္တီးမြို့နယ် အင်းတော်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ခန္တီးမြို့နယ် အင်းတော်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် အင်းတော်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ လောကမာရ်အောင်ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၂၆ ဦးတို့ကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ အရိုးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဧပြီ ၃၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁ ဦး တွေ့ရှိ

**နေပြည်တော် ဧပြီ ၃၀**

ဧပြီ ၂၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၇၄၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၈၇၇ ဦး |
| သေဆုံးသူ | ၁၉၄၉၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၈၄၅ ဦး |

# တရားမဝင်ကျွန်းသစ်၊ လုပ်ငန်းသုံး၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ









**နေပြည်တော် မေ ၃၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံမြို့နယ် အတွင်းရှိ ဂိုဒေါင်များအား လိုက်လံစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Singha Beer ဖာ ၈၅၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၃၁၈၀၀၀ ကိုလည်းကောင်း၊ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ် တစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် Used TV-32" အလုံး ၄၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၂၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Kinglong Mini Bus မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၀၃၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် B/N Excavator And Bulldozer Spare Parts Sprocket ၁၀ ခုနှင့် Excavator And Bulldozer Spare Parts Bucket Bush ၇၅၆၈ ခု အပါအဝင် ကုန်ပစ္စည်း ၂၅ မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂၀၉၁၆၇၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ယနေ့တွင် တိုက်ကြီးမြို့နယ် နယ်မြေရဲစခန်းမှ စစ်ဆေးရေးအဖွဲ့များက တိုက်ကြီးမြို့နယ်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် SKART မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့ မြို့မရဲစခန်းမှ ရဲအုပ်ဦးဆောင်သော ပူးပေါင်းအဖွဲ့က မုံရွာမြို့ ကျွဲရဲပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Voxy မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦး ဦးဆောင်သော ပူးပေါင်းအဖွဲ့က မော်လိုက်မြို့ မော်ကူးကြီးဝိုင်း နမ်းခမ်းပက်ချောင်းဘေး အနီးတွင် တရားမဝင် ကျွန်းသစ် ၂ ဒသမ ၃၈၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၆၀၆၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၈၆၀၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၇ ရက်၊ ၂၈ ရက်နှင့် ယနေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ခုနစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၃၆၅၇၃၃ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက်နေ သီတာဦး(ခ)မယ်သီတာသည် ၎င်းအသုံးပြုသည့် "တစ်ဆုပ်" Facebook အကောင့်နှင့် "ရောင်နီထွန်း" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရမည်းသင်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၉ ရက်မွန်းလွဲ ၁ နာရီတွင် ရမည်းသင်းမြို့နယ် ဆတ္တိုးကြီးကျေးရွာအုပ်စု ရွှေနတ်တောင်ကျေးရွာအနီးတွင် ကုလားမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရမည်းသင်းမြို့နယ် ဆတ္တိုးကြီးကျေးရွာအုပ်စု ရုံးတောကျေးရွာရှိ ၎င်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း။



မေ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျော်ဝင်းအောင်မောင်းနှင်လာသည့် TOYOTA HIACE အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် ကဖင်း ၃၉ ကီလို၊ Vanillin အနံ့ဆေးမှုန့် တစ်ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင်အသုံးပြုသည့် မို ၂၆ ချောင်း၊ မိုခေါင်း ကိုးခုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲဖြန့်ကြား**

# ဖလော်ရီဒါတောင်ပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်သဖြင့် မော်တော်ယာဉ်တချို့ပျက်စီး



ဝါရှင်တန် မေ ၂၀

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တောင်ပိုင်း ပန်းဘီချ်ဂါးဒင်းကမ်းခြေဒေသတွင် မေ ၂၉ ရက်က အားကောင်းသည့်လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး မော်တော်ယာဉ်တချို့ ပျက်စီးခဲ့ကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Nypost သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းနှင့်အတူ မော်တော်ယာဉ်တစ်စီး လေပေါ်မြောက်သွားသည်ထိ အားကောင်းခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုများ ပြားခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံတချို့ ပျက်စီးသွားခဲ့သည့်အပြင် သစ်ပင်ကြီးများလည်း လဲကျခဲ့ပြီး လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"မေ ၂၉ ရက်က လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီးတော့ မော်တော်ယာဉ်တချို့ ပျက်စီးခဲ့သလို သစ်ပင်ကြီးတချို့လဲကျခဲ့ပါတယ်။ သစ်ပင်ကြီးတွေ လဲကျမှုကြောင့် လမ်းပိတ်ဆို့မှုတွေလဲ ဖြစ်ပေါ်ခဲ့ပါတယ်။ လူနေအိမ်ခြေတချို့နဲ့ အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ပါတယ်။ သစ်ပင်ကြီးတွေလဲကျမှုကြောင့် လမ်းပိတ်ဆို့မှုတွေဖြစ်ပေါ်နေတဲ့အတွက် ဆက်သွယ်သွားလာရေး ပြတ်တောက်နေပါတယ်။ ဓာတ်တိုင်တချို့လဲကျမှုကြောင့်လဲ လျှပ်စစ်မီးပြတ်တောက်မှုတွေ ဖြစ်ပေါ်နေပါတယ်"ဟု ဖလော်ရီဒါပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်ချိန်မှာ စက္ကန့် ၂၀ ခန့်ကြာမြင့်ခဲ့ပြီး လေဆင်နှာမောင်းနှင့်အတူ လေပေါ်ပါသွားသည့် မော်တော်ယာဉ်မှာ နှစ်ကြိမ်တိုင်တိုင် လေဆင်နှာမောင်းအတူ ပါသွားခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူစာရင်းကို စိစစ်နေဆဲဖြစ်ပြီး သေဆုံးသူမရှိခဲ့ကြောင်း ဖလော်ရီဒါပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# သီရိလင်္ကာနိုင်ငံ ခရိုင် ၁၂ ခရိုင်တွင် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

ကိုလံဘို မေ ၂၀

သီရိလင်္ကာနိုင်ငံ၌ မိုးသက်လေပြင်းကျရောက်နေပြီး သီရိလင်္ကာမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ခရိုင် ၁၂ ခရိုင်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည်ဟု ထုတ်ပြန်ခဲ့ကြောင်း NIE သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သီရိလင်္ကာနိုင်ငံတွင် စုစုပေါင်း ခရိုင် ၂၅ ခရိုင်ရှိပြီး ထက်ဝက်ခန့်ထိကို ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ မိုးရေချိန်သည် ၁၀၀ မီလီမီတာထိ မြင့်တက်နေသည့်အတွက်ကြောင့်လည်း အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားသော ခရိုင်များမှာ ပုတ္တလမ်ခရိုင်၊ ကူရူနီဂါလာခရိုင်၊ ကန်ဒီခရိုင်၊ ဂမ်ပါဟာခရိုင်၊ ကီဂယ်လာခရိုင်၊ နုဝါရာအီလီယာခရိုင်၊ ကိုလွန်ဘိုခရိုင်၊ ကာလူတာရာခရိုင်၊ ရက်နာပူရာခရိုင်၊ ဂယ်လီခရိုင်၊ မာတာရာခရိုင်နှင့် ဟမ်ဘန်တိုတာခရိုင်တို့ဖြစ်ကြောင်း သိရသည်။

"ခရိုင် ၁၂ ခရိုင်မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုအပြင် လျှပ်စီးတွေလဲ လက်နေတဲ့အတွက်ကြောင့် အပြင်သွားတာတွေကို ဆင်ခြင်ဖို့ လိုအပ်ပါတယ်။ မိုးရေချိန်က ၁၀၀ မီလီမီတာထိ မြင့်တက်နေတဲ့အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားနေတာဖြစ်ပါတယ်။ ဘယ်ကာလထိ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေမလဲဆိုတာတော့ ခန့်မှန်းရခက်နေပါတယ်။ မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေမဖြစ်စေဖို့ အတွက်လဲ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့ဒေသတွေမှာ မော်တော်ယာဉ်တွေ အသုံးပြုတာတွေကို ရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်"ဟု သီရိလင်္ကာ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ပေါ်နေသော ခရိုင်များတွင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အန္တရာယ်ဇုန်အလိုက်သတ်မှတ်၍ လမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားကြောင်း သိရသည်။

**ခိုင်းဆက်**

# ကိုလံဘီယာနိုင်ငံတွင် Nevado del Ruiz မီးတောင်ပေါက်ကွဲနိုင်သဖြင့် ဒေသခံများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ရန် အစိုးရတိုက်တွန်း

ဘိုဂိုတာ မေ ၂၀

ကိုလံဘီယာနိုင်ငံတွင် လှုပ်ရှားမှုအများဆုံးနှင့် အန္တရာယ်အရှိဆုံး မီးတောင်တစ်ခုဖြစ်သော Nevado del Ruiz မီးတောင်သည် ယခုရက်ပိုင်းအတွင်း လှုပ်ရှားမှုပိုမိုပြင်းထန်လာခဲ့ပြီး အချိန်မရွေးပေါက်ကွဲနိုင်သဖြင့် မီးတောင်နှင့် အနီးဆုံးတွင်နေထိုင်ကြသော ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် မေ ၂၉ ရက်တွင် အစိုးရက တိုက်တွန်းခဲ့ကြောင်း Phys Org သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ကိုလံဘီယာနိုင်ငံ အင်ဒီးစ်တောင်တန်းပေါ်ရှိ အန္တရာယ်အရှိဆုံးမီးတောင်တစ်လုံးဖြစ်သော Nevado del Ruiz မီးတောင်သည် အချိန်မရွေးပေါက်ကွဲမှုဖြစ်ပေါ်နိုင်သောကြောင့် ဒေသခံများအနေဖြင့် မီးတောင်နှင့်အနည်းဆုံး ကီလိုမီတာသုံးဆယ်အကွာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် ကိုလံဘီယာသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရုံးမှ တိုက်တွန်းချက်ထုတ်ပြန်ထားသည်။

Nevado del Ruiz မီးတောင်သည် ယခုရက်ပိုင်းအတွင်း လှုပ်ရှားမှုသိသိသာသာများလာကြောင်း ကိုလံဘီယာသတ္တုတွင်း ဝန်ကြီးဌာနက ပြောကြားခဲ့ပြီးနောက် ရက်ပိုင်းအတွင်း ပေါက်ကွဲနိုင်ခြေရှိသည်ဟု ဘူမိဗေဒဌာနက သတိပေးထားကြောင်း သိရသည်။

ကိုလံဘီယာနိုင်ငံ အနောက်ပိုင်းပစိဖိတ်မြစ်ဝှမ်းတစ်လျှောက်တွင် တည်ရှိသည့် မီးတောင်များအနက် အတက်ကြွဆုံးမီးတောင်တစ်ခုဖြစ်သော Nevado del Ruiz မီးတောင်သည် ၁၉၈၅ ခုနှစ် ပေါက်ကွဲမှုကြောင့် မီးတောင်အနီးရှိ အာမီရိုမြို့ကို ရွှံ့များဖုံးလွှမ်းခဲ့ပြီး လူပေါင်း ၂၅၀၀၀ ကျော်သေဆုံးခဲ့ကာ ကိုလံဘီယာနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးနှင့် ၂၀ ရာစုအတွင်း လူသေပျောက်မှုအများဆုံး မီးတောင်ပေါက်ကွဲမှု တစ်ခုဖြစ်ခဲ့ကြောင်း သိရသည်။

AZH



# ကယ်လီဖိုးနီးယားပြည်နယ်တွင် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် ဒီဇယ်လောင်စာသုံးကုန်တင်ယာဉ်များရောင်းချမှုကို တားမြစ်သွားရန်စီစဉ်နေ

ဝါရှင်တန် မေ ၂၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများကို အရှိန်မြှင့်တင်သွားရန်အတွက် ဒီဇယ်လောင်စာသုံး ကုန်တင်ယာဉ်များရောင်းချမှုကိုတားမြစ်သွားရန် စီစဉ်နေကြောင်း ကယ်လီဖိုးနီးယားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Fox News သတင်းဌာနက မေ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် မီးရထားများမှ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချသွားရန်လည်း စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကာဗွန်ထုတ်လွှတ်မှုသုညမှတ်သို့ ရောက်ရှိရေးအတွက် ၂၀၃၆ ခုနှစ်တွင် ဒီဇယ်လောင်စာသုံးကုန်တင်ယာဉ် အကြီး၊ အလတ်၊ အငယ်များရောင်းချမှုကို ထိန်းချုပ်နိုင်မည့်ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယား လေထုအရင်းအမြစ်ဘုတ်အဖွဲ့(CARB)က ထုတ်ပြန်ခဲ့သည်။

"ကယ်လီဖိုးနီးယားပြည်နယ်အတွင်း လေထုညစ်ညမ်းမှုတွေ လျှော့ချနိုင်ဖို့အတွက် ဥပဒေအသစ်တွေ ပြဋ္ဌာန်းသွားဖို့ ပြင်ဆင်နေပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ်အတွင်းမှာနေထိုင်တဲ့ ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ သန့်စင်တဲ့ လေထုမာကကို ရရှိဖို့ ဒီဇယ်လောင်စာသုံးကုန်တင်ယာဉ်တွေ ရောင်းချမှုကို ထိန်းချုပ်သွားမယ်။ ကာဗွန်ထုတ်လွှတ်မှုသုညမှတ်ကို ရောက်ရှိရေးအတွက် ဖက်ဒရယ်အစိုးရကလဲ အလေးထား ဆောင်ရွက်နေပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ် ဝန်ကြီးချုပ် ဂါဗင်နယူးဆမ်က ပြောကြားခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်အတွင်း သန့်ရှင်းသည့် လေထုရရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော လေထုသန့်စင်မှုပမာဏသို့ ရောက်ရှိရေးအတွက် ကာဗွန်ထုတ်လွှတ်မှု ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ဘင်္ဂလားဒေ့ရှ်တွင် အပူချိန်မြင့်တက်မှုကြောင့် နိုင်ငံသားများ၏ ကျန်းမာရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို ခြိမ်းခြောက်လျက်ရှိ

ဒါကာ မေ ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စံချိန်တင်အပူချိန်မြင့်တက်မှု၊ အပူလှိုင်းဖြတ်သန်းမှုများကြောင့် နိုင်ငံသားများ၏ ကျန်းမာရေးနှင့် စားနပ်ရိက္ခာဖူလုံရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ်မိုးလေဝသဌာန ညွှန်ကြားရေးမှူး Azizur Rahman က မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်ဟု Arab News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အပူချိန်စံချိန်တင်မြင့်တက်မှုသည် ယခုလအစောပိုင်းမှ စတင်ခဲ့ပြီး ပြေလည်သည် ပုံမှန်အားဖြင့် နိုင်ငံ၏ အပူဆုံးလတစ်လဖြစ်သော်လည်း ယခုနှစ်တွင် တောင်အာရှနှင့်အရှေ့တောင်အာရှ၌ ယခင်နှင့်မတူသော အပူချိန်ကို ခံစားနေရကြောင်း Azizur Rahman က ပြောကြားခဲ့သည်။

"ဒီအပူလှိုင်းက ဆက်မဖြစ်တော့ဘူးလို့ကျွန်တော်တို့ပြောလို့ မရပါဘူး။ ရာသီဥတုပြောင်းလဲမှုရဲ့ သက်ရောက်မှုကြောင့် အပူလှိုင်းကြိမ်နှုန်းတွေ တိုးလာအုံးမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် မေ ၁၆ ရက်က အပူချိန် ၄၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ပြီး ဆယ်စုနှစ်ခြောက်စုအတွင်း အပူဆုံးစံချိန်ဖြစ်ကြောင်း သိရသည်။

ပြင်းထန်သောရာသီဥတုဒဏ်ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအနေဖြင့် လေဖြတ်ခြင်း၊ ကာလဝမ်းရောဂါ၊ ဝမ်းလျှောရောဂါနှင့် အခြားရောဂါများ ဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး မိုးရွာသွန်းမှုမရှိဘဲ တာရှည်အပူချိန်မြင့်တက်လျက်ရှိသဖြင့် ကောက်ပဲသီးနှံများနှင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

အပူချိန်ပြင်းထန်မှုကြောင့် ဝတ်မှုန်ကူးခြင်း လုပ်ငန်းများတွင်လည်း ထိခိုက်လျက်ရှိသကဲ့သို့ ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်း ထိခိုက်သည့်အပြင် တောင်သူများ အပူဒဏ်ကြောင့် အလုပ်မလုပ်နိုင်သဖြင့် လယ်ယာလုပ်ငန်းများတွင်လည်း ခြိမ်းခြောက်မှုများရှိနေကြောင်း ဒါကာ Daffodil တက္ကသိုလ်မှ ပါမောက္ခ M.A. Rahim က ပြောကြားခဲ့ကြောင်း သိရသည်။

AZH

0 w Kw M @

# မိုးလဝသန်ခါ

စိုးဇာနီထွန်း




(၁)

ဘတ်စကားပေါ်ကဆင်းဆင်းချင်း မိုးက တအုန်းအုန်းရွာချတာကြောင့် ထီးမေ့နေကျ သူဇာနှုတ်ကနေ

"ဒီမိုးကလဲနော် တစ်ဆိတ်ရှိ ရွာပဲရွာနေတာပဲ။ ထီးက မပါပါဘူးဆိုနေမှ"

ကားပေါ်ကဆင်းပြီးတာနဲ့ ကားဂိတ်အမိုးအောက်ပြေးဝင်လိုက်ပြီး စိုသွားတဲ့ဆံပင်တွေကို လက်နဲ့သပ်ချကာ ဘေးဘက်ကို လှမ်းကြည့်မိတော့-

"ဟော့တော် မေမေ"

မွေးသမိခင်သူဇာ့အမေ ဒေါ်အေးအေး။

"မေမေ ဘာလို့လာတာလဲ။ သမီးလေးကော။ အိမ်မှာ သမီးလေးတစ်ယောက်တည်း ဖြစ်နေမှာပေါ့"

"ဩော်. . . အေ ညည်း ဖျားမှာစိုးလို့ပါအေ။ ကလေးက အိပ်နေတာပါ ရော့ထီး"

"နောက်လာမကြိုနဲ့မေမေ သမီးကရတယ်။ ဒီမိုးလောက်တော့"

"ညည်းက ငါ့သမီးပါအေ၊ ကိုယ့်အသက်ကိုကြည့်အုံး ငယ်ငယ်တုန်းကလို ထင်မနေနဲ့"

ဒါပဲပြောပြီး အမေကရှေ့က သူဇာကနောက်က ထီးတစ်ယောက်တစ်ချောင်းစီဆောင်းပြီး အိမ်ကို ခပ်သွက်သွက်ပြန်လာကြပါတော့တယ်။

(၂)

သူဇာငယ်ငယ်တုန်းကတော့ ဒီလိုညည်းဖို့ဝေးစွ မိုးရွာရင်ကို ပျော်နေတာပါ။ အခုလို မိုးဦးကျအခါမျိုး အမေဈေးလွှတ်လို့ကတော့ အမေက-

"သူဇာရေ ထီးယူသွား"လို့ ပြောတာတောင် ပါးစပ်က "ဟုတ်ကဲ့"ပြောပြီး ဘယ်တော့မှထီးမယူ။ တစ်လမ်းတည်းနေ သူငယ်ချင်းနီလာနဲ့ နှစ်ယောက်အတူ ဈေးသွားဝယ်လို့ အပြန်မှာ မိုးရွာရင် မိုးရွာထဲ လမ်းလျှောက်ပြန်တာပဲ။ ဈေးနဲ့အိမ်က ဘတ်စကားနှစ်မှတ်တိုင်စာဝေးပါတယ်။

နီလာက-

"သူဇာ ငါ့ရှူးပေါက်ချင်လိုက်တာဟာ"

"တူတူပဲ ငါလဲ ပေါက်ချင်နေတာ"

"ပေါက်ချမယ်ဟာ မိုးရွာနေတာပဲ"

"အေး"

နီလာက အဆိုတော် ကိုင်ဇာသီချင်းကို ဖျက်ဆိုလိုက်သေး။ ဘာတဲ့-

"မိုးရွာရင် မိုးရေချိုးမယ်။ ဈေးပြန်လာရင် မိုးနဲ့ပြိုင်ပြီးပေါက်ချမယ်။ အိမ်ပြန်လာရင် သောက်ကြမယ်"

"ဟဲ့ ဘာသောက်မှာပြောတာလဲ"

"ရေလေဟယ်ရေ ရေသောက်ကြမယ်ပြောတာ"

"ဟားဟားဟား"

"ဟားဟားဟား"

မိုးရွာထဲနှစ်ယောက်သား ရှူးတွေပေါက်ချ သီချင်းတွေဆိုပြီး ပျော်ပျော်ရွှင်ရွှင်အိမ်ပြန်လာတော့ အိမ်ပေါက်ဝကနေ မေမေက-

"ဟဲ့ ပေါက်ကျော်မတွေ ထီးယူသွားပါဆိုတာ မယူသွားဘဲနဲ့ မိုးရွာထဲလမ်းလျှောက်ပြန်လာတယ်။ ဘယ်လိုဟာတွေလဲမသိဘူး"

"ဟီးဟီး ခေတ်သစ်ဝိသာခါလေမေမေရဲ့"

"တော်ပါအေ"

မေမေ့ကို ခပ်နောက်နောက်ပြန်ပြောပြီး ဈေးခြင်းကို အမေ့လက်ထဲထည့် အိမ်နောက်ဘက်ကို ရေချိုးဖို့ထွက်လာလိုက်ပါတော့တယ်။ ညဘက်တွေများတော့ မိုးရွာလို့ စောင်ခြုံကွေးနေတဲ့အခါ အိမ်မိုးသွပ်ပြားတွေပေါ် မိုးစက်မိုးပေါက်တွေ ဖြိုးဖြိုးဖြောက်ဖြောက်ကျလာတဲ့အသံကို နားစွင့်ထောင်ရတာများ မိုးနတ်သားကိုယ်တော် ကိုယ့်ကိုချော့သိပ်နေတဲ့ တေးသီချင်းသံလို အင်မတန်နားထောင်လို့ကောင်းတာပေါ့။ မိုးလတစ်လျှောက် အိပ်လို့ကောင်းတဲ့ ညများပါပေပဲ။

မိုးဦးကျစမှာ အစားတစ်လိုင်းသူဇာ ပျော်တာနောက်တစ်မျိုးရှိပါသေးတယ်။ လယ်ပုစွန်လုံးလို့ခေါ်တဲ့လယ်ကဏန်းဆီပါ။ မေမေက သူဇာသိပ်ကြိုက်တတ်တဲ့ လယ်ပုဇွန်လုံးဆီကို ဝက်ထီးကန်မှာနေတဲ့ သူညီမ (သူဇာ့အဒေါ်)တွေဆီကနေ တကူးတကမှာဝယ်ပေးပါတယ်။ လယ်ပုစွန်လုံးဆီကို ဆီသတ်ပြီး ဘူးကြီးနဲ့ထည့်ပေးထားတာ သူဇာ့အကြိုက်လေ။ ဘာဟင်းမှမလိုတဲ့ မိုးဦးကျစာပေါ့။ အဲဒီပုစွန်လုံးဆီနဲ့ ထမင်းနယ်စားတာ အလွန်ကောင်း။

(၃)

မောင်(သူဇာ့အမျိုးသား)နဲ့စတွေ့တာ အခုလို မိုးလဝသန်ခါအချိန်မှာပေါ့။ ဝါဆိုလပြည့်နေ့က သူဇာတို့ သူငယ်ချင်းတွေစုပြီး ရွှေတိဂုံဘုရားနဲ့ ပြည်သူ့ရင်ပြင်ကို အုပ်စုလိုက်သွားကြတာ။ အုပ်စုထဲမှာ နီလာက အရပ်အရှည်ဆုံး လူက ကလန်ကလားထိုးထိုးထောင်ထောင်။ အရပ်က ငါးပေအထက်။ သူဇာအပါအဝင်ကျန်တဲ့သူတွေက လေးပေကျော် ငါးပေအရပ်ကလေးတွေ။ အရပ်ရှည်တာ ကိစ္စမရှိ စကားပါ အရစ်ရှည်တတ်သေးတာ။ သီချင်းကိုလဲ ပေါက်ကရဖျက်ဆိုတတ်တဲ့နီလာမ။

"ဟဲ့ နင်တို့ကို ငါမေးမယ်။ မိုးရာသီကို ဝသန်လို့ခေါ်တာလား၊ ဝသန္တလို့ခေါ်တာလား"

"ဝသန်လေဟယ်"

တစ်ယောက်က-

"ဝသန္တပါ"

"ဝသန္တမဟုတ်ဘူးဟ မှားတယ်။ ဝသန္တဆိုတာ နွေဦးကာလကိုခေါ်တာ ပါဠိဘာသာမှာ ဥတုကို ခြောက်ပါးခွဲထားတယ်။ ဟေမန္တ၊ သိသိရ၊ ဝသန္တ၊ ဂိမှာန၊ ဝဿာန၊ သရဒတဲ့။ အဲဒီခြောက်ပါးကို နှစ်လစီပြန်ခွဲရာမှာ ဝသန္တက တပေါင်းလပြည့်ကျော်တစ်ရက်နေ့ကနေ ကဆုန်လပြည့်ကျော်တစ်ရက်ထိ အဲဒီရာသီက နွေဦးဝသန္တ"

"နင့်ဟာက ရှုပ်နေတာပဲ"

"မရှုပ်ဘူး ဝသန္တနဲ့ ဝဿာန။ ဝသန္တကနွေဦး၊ ဝဿာနက မိုးဥတု၊ ဝသန်မိုးဦးလို့ပြောရင် မှန်တယ်။ ဝသန္တမိုးရာသီလို့ပြောရင်တော့ မှားတယ်။ တနဲ့နပဲ ကွဲသွားတာလေ"

"နင်ဘယ်လိုသိလဲ"

"ငါ ဝသန်နှစ်ခုမကွဲလို့ ငါ့အဖေစာအုပ်စင်က စာအုပ်တွေယူဖတ်ပြီး ငါ့အဖေကို သေချာမေး၊ သေချာမှတ်ထားတာ စာစီစာကုံးရေးရင် မမှားရအောင်"

"အေးပါနီလာမရယ်။ ငါတို့ သေချာမှတ်ထားလိုက်ပါပြီ"

ရွှေတိဂုံဘုရားကို သုံးပတ်လောက်ပတ် စကားတွေ ပေါက်ပေါက်ဖောက်လို့ဝတော့ ဗိုက်တွေဆာလာကြလို့ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ပေါက်ကနေဆင်း ထမင်းဆိုင်မှာ စားချင်တာမှာစားပြီး ပြည်သူ့ရင်ပြင်လျှောက်ပတ်ကြတာ ပျော်စရာ။ မိုးဖွဲဖွဲမှာ ဘယ်သူမှ ထီးမဆောင်းကြ။ ဖြစ်ချင်တော့ သူဇာ့ဖိနပ် လမ်းလျှောက်ရင်းပြတ်သွားခဲ့တော့ သူငယ်ချင်းတွေပါ ဖိနပ်တွေချွတ်ပြီး မိုးထဲရေထဲ ဖိနပ်မပါ လျှောက်ပြေးခဲ့ကြတာ အမှတ်တရပျော်စရာတွေပါ။

"ဟော့ ရှုတ် ရှုတ် ဖိနပ်ငှားပေးရမလား"

နောက်ကနေ ကောင်လေးတစ်သိုက်(သူတို့ကလဲအုပ်စုလိုက်)လာနောက်တော့ ခပ်စွာစွာသူဇာက နောက်ကိုလှည့် ခါးထောက်ပြီး-

"တကယ်ငှားပေးမလို့လား။ ငါတို့က လေးယောက်အုပ်စု နင်တို့ကငါးယောက် အတော်ပဲ လာမနောက်နဲ့ စေတနာရှိရင် အခုဖိနပ်ချွတ်"

မောင်ဖြစ်လာမဲ့တစ်ယောက်က-

"ဆောရီးပါဗျာ။ ကျွန်တော်တို့ကို စိတ်မဆိုးပါနဲ့ တောင်းပန်ပါတယ်။ တကယ်လိုအပ်ရင် ကျွန်တော့်ဖိနပ်ချွတ်ပေးပါ့မယ်။ ဟော့ကောင်သားကြီး မင်းအာချောင်လိုက်တာ ပြန်တောင်းပန်လိုက်"

ဘေးအစွန်ဘက်မှာ ရပ်နေတဲ့တစ်ယောက်ကို လှည့်ပြောလိုက်ပြီး-

"ညီမဖိနပ်ပြတ်သွားတာမလား။ ရော့ ကျွန်တော့်ဖိနပ်ယူစီးလိုက်"

သူ့ဖိနပ်ကို တကယ်ချွတ်ပေးနေတဲ့ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ အသားလတ်လတ်မောင်ဖြစ်လာမဲ့သူ။

အဲဒီနေ့ကစလို့ နောက်ငါးနှစ်အကြာ လှိုင်ကောလိပ်မှာ မေဂျာတူ၊ အခန်းတူပြန်တွေ့ကြပြီး ချစ်သူတွေဖြစ်ခဲ့တဲ့နောက် ကျောင်းပြီးတာနဲ့လက်ထပ်ခဲ့ကြပါတယ်။ မိုးလဝသန်ခါဆိုတာ သူဇာ့ဘဝရဲ့အမှတ်တရတွေမို့ ပျော်ခဲ့ရပါတယ်။ အခုချိန်မှာတော့ သူဇာက ရုံးတစ်ရုံးမှာ။ မောင်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ်ရပြီး နိုင်ငံရပ်ခြားရောက်သွားတာ မကြာသေးတဲ့ကာလ။ ဟိုအရင်ကတော့ မောင်နဲ့အတူ ပြန်လာနေကျမို့ ထီးမပါရင်လဲမပူရ။

(၄)

မေမေနဲ့အတူ အိမ်ကိုပြန်ရောက်တော့ သမီးလေးက အိပ်နေတုန်း။ သမီးလေးကို စိတ်မချတဲ့စိတ်နဲ့ နောက်နေ့တွေမှာ ထီးကို မမေ့မလျော့ယူသွားဖို့ ကိုယ့်ကိုယ်ကိုယ်သတိပေးနေမိပါပြီ။ နောက်တစ်နေ့မနက် သမီးလေးကို မူကြိုပို့ထားခဲ့ပြီး ရုံးသွားဖို့ ပြင်ဆင်ရပြန်ပါတယ်။

"မေမေ သမီးရုံးသွားတော့မယ်"

"ထီးကောပါလား"

လက်ထဲကထီးကိုထောင်ပြလိုက်ပြီး-

"ဟုတ်မေမေ။ ဒီမှာထီးပါတယ် သမီးကို လာမကြိုနဲ့နော်။ မေမေ့မြေးကိုသာ သေချာကြည့်ထားပေးပါ မေမေ"

"အေးပါအေ"

သမီးလေး သုံးနှစ်ရောက်မှ ဘယ်သွားသွား ထီးမယူတတ်တဲ့ အကျင့်ပျောက်ပြီး မမေ့မလျော့ ထီးကိုယူတတ်ခဲ့ပါပြီ။ ဒီနေ့တော့ သူဇာရုံးပိတ်ရက်မို့ ချက်ပြုတ်လျှော်ဖွပ် အဝတ်လှန်းစရာရှိတာတွေ ထွက်လှန်း။ သမီးလေးအကျီတွေကတော့ အများဆုံးပေါ့။

"ဂျိန်း ဒလိမ်း ဂျိန်း"

"ဟော့တော် မိုးတွေရွာကုန်ပြီ"

ခုနကပဲနေပူလို့ အဝတ်တွေထွက်လှန်းနေတာ။ အဝတ်တွေကို အပြေးအလွှားသွားရုပ်ရင်း-

"မေမေ"

"ဟင် သမီးလေး"

"မိုးတွေရွာလာပြီ။ သမီး သူများတွေလိုပဲ မိုးရွာထဲသွားဆော့ချင်တယ်မေမေ"

"ဘာ တော်ပြီ မဆော့ရဘူး"

"ဟင့် ဆော့မှာပဲ ဆော့မှာပဲ"

သူဇာတို့ရပ်ကွက်က ငမိုးရိပ်ချောင်းနဲ့နီးတာကြောင့် မိုးရွာလိုက်တာနဲ့ မိုးကြီးရင်ကြီးသလို ရေတွေတက်လာပြီး ချက်ချင်းပြည့်လျှံသွားတတ်တာ။ ရေက တော်တော်နဲ့မကျ။ ရပ်ကွက်က ကလေးတွေကတော့ မိုးရွာရင်ပျော်ပြီး တက်လာတဲ့ရေတွေထဲ အားရပါးရ ရေဆော့နေကြတာ။ သမီးလေးလှမ်းကြည့်ပြီး အဲဒီလို ဆော့ချင်နေတာနေမှာ။

"ဒီကလေး ပြောစကားနားထောင်ရင်ထောင် မထောင်ရင် ရိုက်မိတော့မယ်"

"ဟင့် ရဘူး ရဘူး ဆော့ချင်တယ်"

သမီးလေးကငို။ သူဇာက ဆူ။ မေမေက-

စာမျက်နှာ ၂၅ သို့ ➤

# ရန်ကုန်မြို့အတွင်း လျှပ်စစ်မီးပြတ်တောက်ချိန်တွင် ရေပြတ်လပ်မှုမဖြစ်စေရေး ဆောင်ရွက်ပေးနေ



**ရန်ကုန် မေ ၃၀**

ရန်ကုန်မြို့အတွင်း လျှပ်စစ်မီးပြတ်တောက်ချိန်တွင် ရေပြတ်လပ်မှုမဖြစ်စေရေး ဆောင်ရွက်ပေးနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတင်းများအရ သိရသည်။

ရန်ကုန်မြို့အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဖူးကြီး၊ ဂျိုးဖြူ၊ လှော်ကား၊ ငမိုးရိပ်ရေလှောင်ကန်ကြီးများနှင့် လဂွန်းပြင်ရေတွန်းစက်ရုံများက နေ့စဉ်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဖြန့်ဝေပေးရာတွင် လျှပ်စစ်မီးအသုံးပြုပြီး ဖြန့်ဝေပေးနေသောကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က အဆိုပါရေတွန်းစက်ရုံကြီးများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက်ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကလည်း အဆိုပါရေတွန်းစက်ရုံကြီးများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမဖြစ်ပေါ်စေရေးဆောင်ရွက်နေသော်လည်း National Gird System Break-down ဖြစ်ပေါ်မှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လာပါက ရန်ကုန်မြို့အတွင်း သောက်သုံးရေပေးဝေမှု ရပ်တန့်မသွားစေရေးအတွက် မီးစက်များဖြင့်လည်းကောင်း၊ Solar System ဖြင့်လည်းကောင်း သောက်သုံးရေပေးဝေနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၃၃၆)

# သံတောင်ကြီးမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာများ ရွေးချယ်

**သံတောင်ကြီး မေ ၃၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာများရွေးချယ်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ သံတောင်ကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုမွန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သံတောင်ကြီးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာခုနစ်ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ စီမံကိန်းကျေးရွာများရွေးချယ်ပေးရာတွင် အမှန်တကယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ကျေးရွာများကို ဦးစားပေးရွေးချယ်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သံတောင်ကြီးမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်ရန် သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသည့် ကျေးရွာခုနစ်ရွာကို အတည်ပြုရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

➤ စာမျက်နှာ ၂၄ မှအဆက်

"အမေတူသမီးမို့ပါ။ ညည်းငယ်ငယ်တုန်းက မိုးရွာရင် ဒီထက်ပိုဆိုးသေး။ ရေဘုံပိုင်ဘေး ဘောင်းဘီလေးနဲ့ ရေဆော့တာ မိုးတိတ်တဲ့ထိပါတော်။ ငါရိုက်လဲရိုက်ရိုက်ပဲ နောက်ပိုင်းသနားလို့ လွှတ်ပေးထားရတာ အဖျားဖြစ်မှပဲ မဆော့တော့တာ"

"အခု သမီးလေးကငယ်သေးလို့မေမေ"

"ဟုတ်ပါတယ်။ နောက်ပိုင်းဆို ညည်းတူလို့ မိုးရွာရင် ထိန်းမနိုင်မှာပြောတာ"

သမီးမွေးတုန်းက ဝါဆိုလပြည့်နေ့ မိုးတွေရွာလွန်းလို့ ရှိသမျှအနီးတွေမခြောက်တာနဲ့ သူ့အဖေပုဆိုးတွေပါဖြုပြီး အနီးလုပ်ထွေးပေးခဲ့ရတာ။ သမီးလေးကို နာမည်ပေးထားတာ မိုးပြည့်ပြည့်မောင်။ သမီးလေးမိုးပြည့်ပြည့်မောင်ကိုတော့ သူဇာလို မိုးရွာထဲ မဆော့ခိုင်းနိုင်ပါဘူး။ မတော် အဆုတ်အအေးပတ်ရင်ဒုက္ခ။

(၅)

"မောင်ရေ သမီးလေးကို ကားဂိတ်သွားကြိုလိုက်အုံးမယ်။ မေမေ့ကိုတော့ မောင်ပဲကြည့်ထားလိုက်"

"မောင်သွားကြိုလိုက်မယ်လေ"

အခုချိန်မှာ သမီးလေးက လဝကအရာရှိတောင် ဖြစ်နေပြီပဲ။

"ရတယ် သူဇာပဲသွားကြိုမယ် မောင်နေခဲ့"

မေမေက လေဖြတ်ထားလို့ အိပ်ရာထဲမှာပက်လက်။ သူဇာကတော့ မေမေ့ကြောင့် ဆေးပင်စင်ယူပြီး အလုပ်ထွက်ထားပါပြီ။

မောင်က နိုင်ငံခြားမသွားတော့။ သမီးနဲ့မိန်းမကို မခွဲနိုင်ဘူးဆိုတဲ့အကြောင်းပြချက်နဲ့ အလုပ်ထွက်လိုက်ပြီး အိမ်ဆောက်ပစ္စည်းဆိုင်ဖွင့်ထားခဲ့ပါတယ်။ သူဇာ့သမီးက သူဇာလိုပဲ ဘယ်တော့မှ ထီးမယူ ထီးမေ့တတ်သူ။

ကားဂိတ်ကိုရောက်တော့-

"မေမေ ဘာလို့လာကြိုတာလဲ သမီးက ဒီမိုးလောက်တော့အပျော့။ မေမေက ဘွားဘွားကိုပဲကြည့်ရတော့မှာ သမီးကိုမကြည့်တော့နဲ့ သမီးကအရွယ်ရောက်နေပြီ။ ဘွားဘွားကြီးခမျာ အိပ်ရာထဲမှာ တစ်ယောက်တည်းသနားပါတယ်မေမေရယ်"

"ဪ. . . အေ ညည်းအဖေတစ်ယောက်လုံးရှိနေတာကို။ ညည်းက ငါ့သမီး၊ ငါ့တူလို့ ထီးမယူ ထီးကိုအမြဲမေ့နေတာ အမေသိလို့"

"နောက်လာမကြိုပါနဲ့မေမေရယ်"

"မကြိုစေချင်ရင် ထီးမမေ့နဲ့"

"ဟုတ်ကဲ့ပါမေမေရဲ့"

ဒေါ်သူဇာ အခုမှ မေမေ့ကို ကိုယ်ချင်းစာမိပါတယ်။ ဒီတစ်ယောက်ပဲရှိတဲ့သမီးလေးကို သူဇာတုန်နေအောင်ချစ်တယ်။ မေမေ့တုန်းကလဲ သူဇာ့ကို မေမေချစ်ရှာပါလိမ့်မယ်။ တစ်နေကုန်အလုပ်သွားနေလို့ မတွေ့ရတဲ့သမီးကို ထီးအကြောင်းပြချက်နဲ့ စိတ်မချဖြစ်ပြီး ကားဂိတ်ထိလာကြိုတာပဲဖြစ်ပါလိမ့်မယ်။

သူဇာတောင် ခင်ပွန်းဖြစ်သူ မောင်တစ်ယောက်လုံးအနားမှာရှိနေတာတောင် သမီးကို လာကြိုချင်နေတာ။ မုဆိုးမဖြစ်ခဲ့တဲ့မေမေဟာ သူဇာ့ထက်ပိုဆိုးပါလိမ့်မယ်။ အချိန်တွေပြောင်းလို့ နှစ်တွေဟောင်းလာခဲ့ပြီးတဲ့နောက်-

သမီးလေးမိုးပြည့်ပြည့်မောင် အိမ်ထောင်ကျပြီးမကြာပါဘူး။ မေမေဆုံးသွားရှာတယ်။ မောင်ကောဘာထူးလဲ မနှစ်ကမှ သူဇာတို့သားအမိကို စိတ်ချလက်ချထားခဲ့ပြီး ဆုံးသွားခဲ့ရှာပြီပဲ။ သူဇာမငယ်တော့ပါဘူး။ သူငယ်ချင်းဖြစ်သူ နီလာမအိမ်လာလည်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြဆိုကြ ငယ်ဘဝအရာအားလုံးကို လွမ်းရတယ်။ သူဇာတို့ရဲ့ ပျော်စရာအမှတ်တရတိုင်းမှာ မိုးလဝသန်ခါမပါမဖြစ်။ မိုးတွေရွာတိုင်း ထီးမယူလို့ အမြဲသတိပေးစိတ်မချဖြစ်တတ်တဲ့ မေတ္တာရှင်မေမေ့ကို သတိရတယ်။ လွမ်းတယ်။ အောက်မေ့မိတယ်။ မျက်ခုံးထူထူ၊ နှာတံ ပေါ်ပေါ်၊ အသားလတ်လတ် သူဖိနပ်ချွတ်ပေးခဲ့ပြီး ဘဝကြင်ဖော်ဖြစ်ခွင့်ရခဲ့တဲ့မောင့်ကို သတိရတယ်။ လွမ်းတယ်။ ပျော်စရာအတိတ်တွေမှန်သမျှ လွမ်းစရာတွေအဖြစ် လုပ်ပေးခဲ့တဲ့ မိုးလဝသန်ခါ ရာသီစက်ဝန်းကြီးကတော့ ဘယ်တော့မှမပြောင်းလဲ။ သူဇာတို့သာ။

## အညာမြေရဲ့ အခါနွေ

\- တမာတွေ ဖူးပွင့်ကြပြန်တော့
အညာမြေ ထူးတင့်လှပါဘိ
မြူးဝင့်ကြွလို့ စိမ်းစိုလွင်။

\- လေယူရာရနံ့လေးတွေက
နွေပူမှာ အခံ့အေးစေဖို့
ပျံ့မွှေးလို့ သင်းကြူကြူ
အဆင်းဖြူ တစ်ဆိတ်လောင်းကာ
အရိပ်ကောင်းခိုဝင်။

\- သဘောအလို မညာတမ်းသာပ
အပြောချို သကာမွှမ်းပါလို့
အညာစခန်းသို့ လှမ်းလာအစဉ်
နွမ်းတာပင် ပြေပျောက်သွား။

\- မန်ကျည်းတစ်သွယ်
မငြီးဖွယ် သာယာလှပါဘိ
အညာက ဘေးမသန်းပေ
အေးချမ်းနေ ပင်ထနောင်းရယ်နှင့်
အစဉ်ကောင်းပေါ့ ညောင်ထိုထို
တောင်တစ်ခို မှန်းကာကြည့်လျှင်ဖြင့်
လွမ်းပါဘိ အခါနွေဝယ်
အညာမြေ ပုရစ်ဖူးတွေနဲ့
သစ်ထူးနေသား။ ။

**အရှင်ဝါယမ**

# ပန်းတနော်မြို့နယ်တွင် ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ရရှိနေ

**ပန်းတနော် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပန်းတနော်မြို့ရှိ လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မျိုးဝင်းထံမှ သိရသည်။

ပန်းတနော်မြို့နယ်တွင် လက်ရှိ ငရုတ်သီးစိမ်းများ စတင်ပေါ်နေသည့်ကာလဖြစ်ရာ မတ်လနှင့် ဧပြီလ ပထမပတ်က ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ သာ ရရှိခဲ့ပြီး ဧပြီလ ဒုတိယပတ်မှ ယနေ့ထိ ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ငရုတ်သီးစိမ်း ဈေးကောင်းရရှိနေခြင်းသည် ရန်ကုန်မြို့က ငရုတ်သီးစိမ်းများ လာရောက်ဝယ်ယူနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်ကထက် အခုနှစ် ငရုတ်သီးစိမ်းဈေးက တော်တော်ကောင်းလာပါတယ်။ ငရုတ်သီးစိမ်းတွေကို ရန်ကုန်ဘက်က ခြံပြတ်လာဝယ်နေတဲ့ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုနှစ် ငရုတ်သီးစိမ်းဈေးက ကောင်းသလိုအထွက်နှုန်းကလဲကောင်းပါတယ်။ ဒါကြောင့် ငရုတ်စိုက်တောင်သူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ ငရုတ်သီးစိမ်းတွေကို ရန်ကုန်ဘက်က တိုက်ရိုက်လာဝယ်နေတာမို့ ဈေးကောင်းရရှိနေတာဖြစ်ပါတယ်" ဟု ပန်းတနော်မြို့ရှိ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မျိုးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲ၍ ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး တောင်သူတစ်ဦးလျှင် ငရုတ်တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြရာ ထွက်ရှိလာသည့် ငရုတ်သီးများလည်း အရည်အသွေးကောင်းမွန်ကြောင်း၊ လက်ရှိတွင် ငရုတ်သီးစိမ်း ဈေးကောင်းနေခြင်းကြောင့် တောင်သူများ၊ အလုပ်သမားများ၊ ကုန်သည်များနှင့် ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေနေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အလုပ်သမားကြီးများအရေး အလေးထားဆောင်ရွက်ပေးစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

**❖ ထိုနေ့တွင် ရုံးပိတ်ပေးထားသဖြင့် ကမ္ဘာတစ်ဝန်းရှိ ကာယ၊ ဉာဏအလုပ်သမားကြီးများသည် မိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းခွင့်ရကြသည်။ မေလ ၁ ရက်နေ့သည် နိုင်ငံတိုင်းအတွက် နေ့ထူးနေ့မြတ်ဖြစ်သော အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ပင်ဖြစ်သည်။ အလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ စွမ်းအားပင်ဖြစ်သည်။ ကာယ၊ ဉာဏလုပ်သားကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင်အလုပ်သမားကြီးများ၏ လူမှုဘဝဖူလုံရေး အာမခံချက်ရှိနေအောင် အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်ပေသည်။ ❖**

ကာယ၊ ဉာဏလုပ်သားကြီးများသည် နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထိုအလုပ်သမားကြီးများကို အမျိုးအစားနှစ်မျိုးခွဲခြားနိုင်ပေသည်။ အတတ်ပညာတစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော (White Collar Worker) ဉာဏလုပ်သားနှင့် ခန္ဓာကိုယ်ကို အရင်းအနှီးပြု၍ ရုန်းကန်နေကြရသော (Blue collar Worker) ကာယလုပ်သားတို့ဖြစ်ကြသည်။ လူတိုင်းသည် ဉာဏလုပ်သားအဖြစ်သာ အသက်မွေးလိုကြသည်။ သို့သော် ဘဝပေးအခြေအနေအရ လှေထိုး၊ လှည်းတိုက်၊ ကုန်ထမ်း၊ လယ်ထွန်နေရသော ကာယလုပ်သားများစွာလည်းရှိနေသည်။ လူသားတို့သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် ထားရှိသည့်စေတနာအင်အားအပေါ် မူတည်၍ ဆင်းရဲ၊ ချမ်းသာကွာဟသွားကြသည်။

**လေးစားထိုက်သူများ**

ငယ်စဉ်က ဧရာဝတီမြစ်ဆိပ်တွင် ကုန်တင်သင်္ဘောကြီးများပေါ်မှ ကုန်တင်၊ ကုန်ချလုပ်နေသော အပြာရောင်ဝတ်ဆင်ထားသည့် အလုပ်သမားကြီးများကိုမြင်ရသည့်အခါ များစွာစိတ်မကောင်းဖြစ်ခဲ့ရသည်။ အချို့သောအလုပ်သမားကြီးများသည် အသက်အရွယ်အိုမင်းပြီး အင်အားချည့်နဲ့နေသော်လည်း ၂၄ ပြည်ဝင်ဆန်အိတ်ကြီးများကိုထမ်းကာ အတင်အချလုပ်နေကြရသည်။ မည်မျှပင်ပင်ပန်းနေစေကာမူ ကုန်တင်၊ ကုန်ချလုပ်ငန်းများကို မနားမနေလုပ်ကြရသည်။ သို့မှသာလျှင် မိသားစုစားဝတ်နေရေးအဆင်ပြေကြမည်ဖြစ်သည်။ လက်လုပ်လက်စားတို့၏ ဘဝသည် ခက်ခဲပင်ပန်းလှသည်။

လယ်ယာလုပ်ငန်းခွင်တွင် နှစ်ပေါက်ငှားထားသော လယ်သူရင်းငှားတို့၏ဘဝကိုလည်း ကိုယ်ချင်းစာမိခဲ့သည်။ သူရင်းငှားများသည် ကျွဲ၊ နွားများနှင့်အတူ နေပူမိုးရွာမရှောင် လယ်ထဲဆင်းကြရသည်။ တစ်နှစ်လုံးရုန်းကန်လှုပ်ရှားမှသာလျှင် မိသားစု၏ နေ့စဉ် စားဝတ်နေရေးလုပ်ငန်းအဆင်ပြေနိုင်သည်။ အချို့သော သူရင်းငှားများသည် မိမိ၏ရင်သွေးငယ်များကို သာသနာ့ဘောင်သို့သွတ်သွင်းနိုင်ရန်အတွက် လယ်ပိုင်ရှင်များအိမ်တွင် နှစ်ပေါက်အလုပ်လုပ်ကြရသည်။

ထို့အတူ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး စားဝတ်နေရေးအတွက် ငါးရှာနေရသော တံငါသည်များ၏ဘဝသည်လည်း များစွာပင်ပန်းလှသည်။ ယခင်ကမြစ်တွင်း၌ ငါး၊ ပုစွန်များပေါများသော်လည်း လက်ရှိအချိန်တွင် တဖြည်းဖြည်းရှားပါးလာပြီဖြစ်သည်။ ကိုတံငါတို့၏ ဘဝသည်လည်း များစွာခက်ခဲကြမ်းတမ်းလှပေသည်။ စားဝတ်နေရေးအတွက် ခက်ခဲကြမ်းတမ်းစွာလုပ်ကိုင်နေကြရသည့် အခြားသောကာယလုပ်သားကြီးများလည်း ရှိနေဦးမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ သမ္မာအာဇီဝလုပ်ငန်းများနှင့်အသက်မွေးနေကြသည့် ထိုအလုပ်သမားကြီးများသည် လေးစားထိုက်သူများပင်ဖြစ်သည်။

**တောင်းဆိုခဲ့ကြ**

ထိုအလုပ်သမားကြီးများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် မေလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အဖြစ် သတ်မှတ်ထားသည်။ လွန်ခဲ့သော ၁၈ ရာစုက ဝိသမလောဘသမားအလုပ်ရှင်များသည် အလုပ်သမားများကို တစ်နေ့လျှင် ၁၆ နာရီမှ နာရီ ၂၀ ခန့် ခိုင်းစေခဲ့ကြသည်။ အလုပ်သမားများသည် နေ့စဉ် နာရီပေါင်းများစွာ လုပ်ကိုင်ကြရသော်လည်း ထိုက်တန်သောလုပ်ခလစာ မရရှိခဲ့ချေ။ ထို့ကြောင့် အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းသည် နိမ့်ကျခဲ့ရသည်။ ထို့ကြောင့် အလုပ်သမားခေါင်းဆောင်များသည် အလုပ်သမားများ သက်သာချောင်ချိရေး အတွက် တောင်းဆိုခဲ့ကြသည်။

၁၈၂၀ ပြည့်နှစ်မှ ၁၈၄၀ ပြည့်နှစ်ကာလများအတွင်း အလုပ်သမားခေါင်းဆောင်များသည် အလုပ်ချိန်လျှော့ချရေးအတွက် စဉ်ဆက်မပြတ်တောင်းဆိုခဲ့ကြသည်။ သို့သော် အလုပ်ရှင်များသည် အလွယ်တကူလိုက်လျောပေးခဲ့ခြင်းမရှိချေ။ အလုပ်ချိန်လျှော့ပေါ့ရေးအတွက် တောင်းဆိုသူများကို ဖမ်းဆီးမှုများရှိခဲ့သည်။ အလုပ်သမားတို့၏တိုက်ပွဲသည် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ဩစတြေးလျတိုက်တို့တွင် ပျံ့နှံ့သွားသည်။ ၁၈၈၄ ခုနှစ်တွင် ချီကာဂိုမြို့၌ပြုလုပ်သည့် အမေရိကန်အလုပ်သမားများအဖွဲ့က တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီသာ သတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ထိုတောင်းဆိုချက်သည် ၁၈၈၆ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်သက်ရောက်လာခဲ့သည်။ ထိုအချိန်မှစ၍ နှစ်စဉ် မေလ ၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ အလုပ်သမားနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပလာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့တွင် တရားဝင်ရုံးပိတ်ပေးထားသည်။ ထိုနေ့တွင် ကာယ၊ ဉာဏလုပ်သားကြီးများသည် လုပ်ငန်းခွင်ဝင်စရာမလိုဘဲ အနားရသော်လည်း လုပ်ခလစာ အပြည့်အဝရရှိကြသည်။

**သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံတွင်လည်း အစိုးရအဆက်ဆက်သည် အလုပ်သမားများအရေးကို အလေးထားဖြေရှင်းပြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလတွင် ထိုင်း၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့ရှိ မြန်မာအလုပ်သမားများ နေရပ်ပြန်နိုင်ရေးအတွက် စေတနာထားကာ စီမံဆောင်ရွက်ပေးခဲ့သည်။ ပြည်ပမှပြန်လာသည့် အလုပ်သမားများကို စားသောက်နေထိုင်ရေးအဆင်ပြေချောမွေ့စေရန်လည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် နိုင်ငံတော်အစိုးရသည် ပြည်တွင်းရှိ အလုပ်သမားများနှင့် ပြည်ပရောက်ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရန် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အလုပ်သမားများအလုပ်အကိုင်ရရှိရေးအတွက် သက်ဆိုင်ရာ အလုပ်ရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်မှစ၍ အာဆီယံအသိုက်အဝန်းတွင် ပူးပေါင်းပါဝင်ခဲ့ပြီဖြစ်သည်။ ထိုအချိန်မှစ၍ မြန်မာအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့်လုပ်ခလစာခံစားခွင့်များ ပိုမိုရရှိလာပြီဖြစ်သည်။

ထို့ပြင် အမျိုးသားအဆင့်အလုပ်အကိုင်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် အစိုးရ၊အလုပ်ရှင်များနှင့် အလုပ်သမားများပူးပေါင်းကာ သင်တန်းကျောင်းများ ဖွင့်လှစ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက်လည်း သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများနှင့်အညီ ရပိုင်ခွင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန် မြန်မာအလုပ်သမားများ အများဆုံးသွားရောက်လုပ်ကိုင်လျက်ရှိသည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ကာ ဖြေရှင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်းတွင် အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းလျက်ရှိသည်။

ကာယ၊ ဉာဏလုပ်သားကြီးများ၏ ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဆွေးနွေးပွဲများနှင့် သင်တန်းများဖွင့်လှစ်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ရက်အတွက် အနည်းဆုံး လုပ်ခလစာလည်း သတ်မှတ်နိုင်ခဲ့သည်။ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားများကြား သုံးပွင့်ဆိုင်ဆွေးနွေးနိုင်မှု၏ ရလဒ်ပင်ဖြစ်သည်။ ထို့ပြင် အလုပ်သမားများကို အကာအကွယ်ပေးမည့် ဥပဒေနှင့် နည်းဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ အလုပ်သမားများသည် နိုင်ငံ၏ စွမ်းအားများဖြစ်သောကြောင့် အလုပ်သမားများအတွက် သက်သာချောင်ချိရေးလုပ်ငန်းများကို တတ်နိုင်သမျှဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။ စင်စစ်အားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်သမားနှင့်အလုပ်ရှင်သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ လုပ်သားကြီးများအတွက် အားတက်ဖွယ်ရာပင်ဖြစ်သည်။

**ကလေးလုပ်သားများပြားနေဆဲ**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲမှုမြင့်မားခြင်း၊ ကျောင်းနေရန် အခွင့်အလမ်းမရှိခြင်းတို့ကြောင့် ကလေးအလုပ်သမားများမြင့်မားနေဆဲ၊ ရှိနေဆဲပင်ဖြစ်သည်။ အာဖရိကဒေသသည် ကလေးအလုပ်သမားများပြားလျက်ရှိသည်ဟုဆိုသည်။ ထိုဒေသရှိနိုင်ငံအတော်များများတွင် ကလေးအလုပ်သမား ၅၀ ရာခိုင်နှုန်းသည် အသက် ငါးနှစ်မှ ၁၄ အတွင်းသာရှိကြသည်။ ကလေးအလုပ်သမားများစွာကို လယ်ယာလုပ်ငန်းခွင်တွင်တွေ့ရလေ့ရှိသည်။ လုပ်ငန်းခွင်တွင်တွေ့ရသည့်ကလေးငယ်အများစုသည် မိဘများ၏စေခိုင်းမှုကြောင့်သာဖြစ်သည်။ "ကမ္ဘာမီးလောင် သားကောင်ချနင်း" ဆိုသလို မိဘများသည် စားဝတ်နေရေးအခက်အခဲကြောင့်သာ မိမိ၏ သားသမီးငယ်များကို အလုပ်လုပ်ခိုင်းနေရခြင်းဖြစ်သည်။

ကမ္ဘာ့နေရာအတော်များများတွင် ကလေးအလုပ်သမားများရှိနေဆဲဖြစ်ရာ ကမ္ဘာတစ်ဝန်း၌ အသက်ငါးနှစ်မှ ၁၄ နှစ်အရွယ် ကလေးအလုပ်သမား ၁၅၃ သန်းရှိသည်ဟု ILO က ခန့်မှန်းထားသည်။ ၎င်းတို့အနက် ၆၀ ရာခိုင်နှုန်းခန့်သော ကလေးအလုပ်သမားများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ ပုံကျဈေးနှင့် စားသောက်ဆိုင်များ၊ ကုန်တင်၊ ကုန်ချနေရာများ၊ ပစ္စည်းထုပ်ပိုးခြင်း၊ အမှိုက်သရိုက်များ ဆယ်တင်ခြင်း၊ ဖိနပ်တိုက်ခြင်းဝန်ဆောင်မှုများပေးခြင်းကဲ့သို့သော လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် လုပ်ကိုင်နေကြရသည်။ ကျန် ၁၅ ရာခိုင်နှုန်းခန့်ကို တရားမဝင်ကုန်ထုတ်လုပ်ငန်းများ၊ အိမ်တွင်းမှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၊ စက်မှုလုပ်ငန်းများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ထုပ်ပိုးမှုလုပ်ငန်းများတွင် တွေ့ရသည်။ အချို့သော ကလေးငယ်များသည် ဧည့်လမ်းညွှန်အဖြင့် ကုန်စုံဆိုင်နှင့် စားသောက်ဆိုင်များတွင် လုပ်ကိုင်နေကြရသည်။ ကလေးအလုပ်သမားများကို ကျေးလက်ဒေသတွင် ၇၀ ရာခိုင်နှုန်းခန့်နှင့် ကျူးကျော်ဆင်ခြေဖုံးဒေသတွင် ၂၆ ရာခိုင်နှုန်းခန့်တွေ့ကြရသည်။

ကလေးအလုပ်သမားဦးရေသည် အာရှဒေသတွင် ၂၂ ရာခိုင်နှုန်း၊ အာဖရိကဒေသတွင် ၃၂ ရာခိုင်နှုန်းနှင့် လက်တင်အမေရိကတွင် ၁၇ ရာခိုင်နှုန်းခန့်ရှိနေသည်။ အာဖရိကဒေသတွင် အသက် ငါးနှစ်မှ ၁၄ နှစ်အရွယ် ကလေးအလုပ်သမား ၆၅ သန်းခန့်ရှိသောကြောင့် ရာခိုင်နှုန်းအမြင့်ဆုံးဖြစ်သည်။ လူဦးရေများသော အာရှဒေသတွင် ကလေးအလုပ်သမား ၁၁၄ သန်းခန့်ရှိနေသည်။ လူဦးရေသိပ်သည်းမှုနည်းသော လက်တင်အမေရိကနှင့်ကာရစ်ဘီယံဒေသတွင်လည်း ကလေးအလုပ်သမား ၁၄ သန်းခန့်ရှိနေသည်ဟု ILO က ဆိုထားသည်။

**အလုပ်သမားကြီးများအရေး အလေးထားဆောင်ရွက်ပေးစေလို**

ဆိုရလျှင် နှစ်စဉ် မေလ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်သည်။ အလုပ်သမားများ၏စွမ်းဆောင်မှုကိုအသိအမှတ်ပြုရန် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ နေ့စဉ် ၈ နာရီ အလုပ်လုပ်ရန်၊ ၈ နာရီ အပန်းဖြေရန်နှင့် ၈ နာရီအနားယူခွင့်ရရှိရန် တောင်းဆိုသည့်အလုပ်သမားသမဂ္ဂများ၏ လှုပ်ရှားမှုမှစတင်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့တွင် ရုံးပိတ်ပေးထားသဖြင့် ကမ္ဘာတစ်ဝန်းရှိ ကာယ၊ ဉာဏအလုပ်သမားကြီးများသည် မိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းခွင့်ရကြသည်။

မေလ ၁ ရက်နေ့သည် နိုင်ငံတိုင်းအတွက် နေ့ထူးနေ့မြတ်ဖြစ်သော အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ပင်ဖြစ်သည်။ အလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ စွမ်းအားပင်ဖြစ်သည်။ ကာယ၊ ဉာဏလုပ်သားကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင် အလုပ်သမားကြီးများ၏လူမှုဘဝ ဖူလုံရေးအာမခံချက်ရှိနေအောင် အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ပေသည်။ ထိုအခွင့်အလမ်းများအနက် အခြေခံအကျဆုံးအချက်သည် ထိုက်သင့်သောလုပ်ခလစာရရှိရန် ဖန်တီးပေးခြင်းပင်ဖြစ်သည်။ သို့မှသာလျှင် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့်ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံဧက ၈၂၄၀၀ စိုက်ပျိုးသွားမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံဧက ၈၂၄၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့်နှစ်က စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၈၁၄၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံဧက ၈၂၄၀၀ စိုက်ပျိုးမည်ဖြစ်သည်။

"ဒီနှစ် စစ်ကိုင်းမြို့နယ်မှာ ပဲမျိုးစုံသီးနှံဧက ၈၀၀၀၀ ကျော် လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ပဲမျိုးစုံသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၅၁၉၄ ဧက၊ မိုးကြိုပဲတီစိမ်း ၃၄၁ ဧက၊ ပဲစင်းငုံ ၁၉၇၈၅ ဧက၊ ပဲလွမ်း ၄၅၇ ဧက၊ စွန်တာပြာဧက ၁၁၅၀၊ ထောပတ်ပဲ ၉၁၅ ဧက၊ အခြားပဲ ၁၄၅၅၈ ဧက စုစုပေါင်းဧက ၈၂၄၀၀ တို့ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ပဲမျိုးစုံသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းမြို့နယ်တွင် ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၂၂၆၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဧက ၄၉၃၅၀ သာစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ပင်လောင်းမြို့နယ်၌ RBF စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပင်လောင်း မေ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်စိမ်းပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဖြင့် ပင်စိမ်းပင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး မိသားစုဝင်ငွေတိုးပွားစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေး ပြောကြားပြီး တက်ရောက်လာကြသော ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်းကော်မတီဝင်များကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ပင်စိမ်းပင်ကျေးရွာတွင် RBF စီမံကိန်းဖြင့် အသင်းအစုအဖွဲ့လေးဖွဲ့မှ နွားမွေးမြူမည့် နေရာနှင့် နွားစာစိုက်ပျိုးမည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

ပေါက်ပေါက်

# စိတ်ဖိစီးမှုတွေ ပြေပျောက်စေ

ကမ္ဘာပေါ်ရှိ လူသန်းပေါင်း ၃၅၀ ခန့်သည် စိတ်ဖိစီးမှုအမျိုးမျိုးကြောင့် စိတ်ရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း သုတေသီများက တွေ့ရှိထားသည်။ နိုင်ငံတကာ စိတ်ရောဂါဆိုင်ရာကျန်းမာရေးသုတေသီများ၏လေ့လာချက်များအရ လူသားများကို စိတ်ဖိစီးမှုဖြစ်ပေါ် စေတတ်သည့် အဖြစ်အများဆုံး အကြောင်းရင်းများမှာ-

- ထင်ပေါ်ကျော်ကြား အောင်မြင်ချင်လွန်းသော စိတ်ဆန္ဒကြောင့် ဖြစ်ပေါ်လာရသော စိတ်ဖိစီးမှုကို လူငယ်များတွင် ၆၀ ရာခိုင်နှုန်း
- ဖြစ်ချင်မှု၊ လိုချင်မှုပြင်းပြသော စွဲလမ်းရူးသွပ်စိတ်ကို လူငယ်များတွင် ၄၉ ရာခိုင်နှုန်း
- ကျန်းမာရေးပြဿနာအမျိုးမျိုး ရင်ဆိုင်ရသဖြင့် စိတ်ဖိစီးမှုကို အရွယ်ရောက်ပြီးသူများတွင် ၃၆ ရာခိုင်နှုန်း
- အဝလွန်အဆီပိုလာကာ ခန္ဓာကိုယ်ပုံပန်းမကျမလှပခြင်းကြောင့် စိတ်ဖိစီးမှုကို အမျိုးသမီးများတွင် ၃၆ ရာခိုင်နှုန်းနှင့် အမျိုးသားများတွင် ၂၃ ရာခိုင်နှုန်း
- အိမ်ရာနေထိုင်ရေးအတွက် စိတ်ဖိစီးမှုကို အရွယ်ရောက်ပြီးသူများတွင် ၃၂ ရာခိုင်နှုန်း
- လုပ်ငန်းခွင်အဆင်မပြေခြင်း သို့မဟုတ် အလုပ်လက်မဲ့ဖြစ်ခြင်းကြောင့် စိတ်ဖိစီးမှုကို အရွယ်ရောက်ပြီးသူများတွင် ၂၆ ရာခိုင်နှုန်း
- ကြွေးမြီကိစ္စများကြောင့် စိတ်ဖိစီးမှုကို အရွယ်ရောက်ပြီးသူများတွင် ၂၂ ရာခိုင်နှုန်းတွေ့ရကြောင်း စသည်ဖြင့်သိရသည်။

ထို့ကြောင့် နိုင်ငံတကာစိတ်ကျန်းမာရေးသုတေသီများက နှစ်စဉ် ဧပြီလတစ်လလုံးကို Stress Awareness Month အဖြစ် အထူးတလည် သတ်မှတ်ထားသည်။ Dr Morton C ဦးဆောင်သည့် အကျိုးအမြတ်မယူသော ကျန်းမာရေးပညာပေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Health Resource Network (HRN) က ၁၉၉၂ ခုနှစ်တွင် စတင်ပြီး နှစ်စဉ် ဧပြီလတိုင်းကို Stress Awareness Month အဖြစ် ပံ့ပိုးကူညီပေးခဲ့သည်။ အများပြည်သူတို့အား စိတ်ဖိစီးမှုကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို အသိပေးလိုသောရည်ရွယ်ချက်ဖြင့် ထိုနေ့ကို သတ်မှတ်ပေးထားခြင်းဖြစ်သည်။

စိန်ခေါ်မှုများဖြင့် ပြည့်နှက်နေသော ယနေ့ခေတ်ကမ္ဘာကြီးတွင် ရှင်သန်လှုပ်ရှားနေထိုင်ရသူများမှာ ရာသီဥတုဒဏ်၊ အလုပ်တာဝန်နှင့် လူမှုရေးဆိုင်ရာ စိတ်ဖိစီးမှုများ ခံစားနေကြရသည်ဖြစ်ရာ အင်္ဂလန်နိုင်ငံမှသုတေသီများ၏တွေ့ရှိချက်အသစ်အရ လူသားများသည် လက်ရှိအနားယူကြသည့်အခြေအနေထက် ပိုမိုအနားယူရန် လိုအပ်ကြောင်း၊ အနားယူမှုသည် အိပ်စက်ခြင်းကိုသာ ဆိုလိုသည်မဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စသည့်အနားပေးခြင်းကိုလိုအပ်နေကြောင်းဆိုသည်။

**မြန်မာနိုင်ငံနှင့် စိတ်ဖိစီးမှုအခြေအနေ**

မြန်မာနိုင်ငံတွင်လည်း ပျမ်းမျှလူဦးရေ ၁၀၀၀ လျှင် ၅၇ ဦး စိတ်ရောဂါဖြစ်ပွားလျက်ရှိကြောင်း၊ ထို့ပြင် လူလေးဦးလျှင် တစ်ဦးနှုန်းမှာ တစ်ချိန်ချိန်တွင် စိတ်ကျန်းမာရေးရောဂါဖြစ်နိုင်ခြေရှိကြောင်း ကမ္ဘာပေါ်ရှိ ဖြစ်ပွားနေသောရောဂါအခြေအနေများကို စစ်တမ်းကောက်ယူနေသည့် Global Burdern of Disease (GBD) ၏ စစ်တမ်းများတွင် ဖော်ပြထားသည်။ စိတ်ရောဂါအမျိုးအစားပေါင်းများစွာ ရှိသည့်အနက် မြန်မာနိုင်ငံတွင် အဖြစ်များသော စိတ်ရောဂါများမှာ စိတ်ကျရောဂါ၊ စိုးရိမ်ပူလွန်ကဲရောဂါ၊ စိတ်ဖောက်ပြန်ရောဂါ၊ အတက်ရောဂါ၊ ဉာဏ်ရည်နိမ့်ကျရောဂါ၊ သတိမေ့တတ်ခြင်းနှင့် သူငယ်ပြန်ခြင်း စသည့်ရောဂါများဖြစ်ကြသည်။




မြန်မာနိုင်ငံတွင် လူငယ်လူရွယ်များ စိတ်ကျရောဂါဖြစ်ပွားမှုသည် သက်ကြီးပိုင်းအရွယ်များထက် သုံးဆခန့်မြင့်တက်နေကြောင်း၊ အသက်အရွယ်ပိုင်းခြားအရ အသက် ၆၀ အထက် သက်ကြီးပိုင်းများနှင့်ယှဉ်လျှင် အသက် ၁၈ နှစ်မှ ၂၉ နှစ်အတွင်း သုံးဆခန့်ပိုများပြားကြောင်း၊ အမျိုးသားများထက် အမျိုးသမီးများက သုံးဆကျော်ပိုဖြစ်နေကြောင်း စသည့်သတင်းအချက်အလက်တို့ကို ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီး၏ ဆေးရုံမှတ်တမ်းများအရ လေ့လာသိရသည်။ လူငယ်များ၌ စိတ်ကျရောဂါဖြစ်နှုန်းပိုများနေခြင်းမှာ နေထိုင်မှုပုံစံများနှင့် ဆက်စပ်နေသည်။ ရှုန်းကန်လှုပ်ရှားမှုများလာလေလေ စိတ်ဖိစီးမှုပိုများလာပြီး တစ်ဖက်ကလည်း ၎င်းစိတ်ဖိစီးမှုများကို ပြေပျောက်အောင်ကြိုးစားမှုပိုင်းတွင် လိုအပ်ချက်များရှိလာသည်နှင့်အမျှ ပို၍ပို၍စိတ်ခံစားရကာ နောက်ဆုံးတွင် စိတ်ကျရောဂါဖြစ်လာသည်။

**စာဖတ်ခြင်းက စိတ်ဖိစီးမှုပြေပျောက်နိုင်**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လူအများကို အိမ်၌သာ နေထိုင်ရန်ညွှန်ကြားချက်ကြောင့် နိုင်ငံအချို့တွင် စာဖတ်သူဦးရေ နှစ်ဆတိုးလာကြောင်း UNESCO က ထုတ်ပြန်ထားသည်။ လူတစ်ဦးတစ်နေ့လျှင် မိနစ် ၂၀ ခန့်စာဖတ်ခြင်းက တစ်နှစ်အတွင်း စကားလုံးနှစ်သန်းခန့်ဖတ်ရှုခြင်းနှင့်ညီမျှကြောင်း သုတေသီများက သုံးသပ်ထားသည်။ ထို့ပြင် UK တက္ကသိုလ်တစ်ခုဖြစ်သော University of Sussex ၏သုတေသနပြုလုပ်ချက်များအရ လူတစ်ဦးသည် လမ်းလျှောက်၍ စကားစမြည်ပြောခြင်းကြောင့် ၄၂ ရာခိုင်နှုန်း၊ လက်ဖက်ရည် သို့မဟုတ် ကော်ဖီတစ်ခွက်သောက်ခြင်းကြောင့် ၅၄ ရာခိုင်နှုန်း၊ သီချင်းနားထောင်ခြင်းကြောင့် ၆၁ ရာခိုင်နှုန်းစိတ်ဖိစီးမှုကို လျော့ကျစေသည်။ သို့ရာတွင် စာဖတ်ခြင်းကြောင့် စိတ်ဖိစီးမှုကို ၆၈ ရာခိုင်နှုန်းထိ လျော့ကျစေနိုင်ကြောင်း တွေ့ရှိထားသည်။ ထို့ကြောင့် စာဖတ်ခြင်းသည် စိတ်ဖိစီးမှုကို သိသိသာသာလျော့ကျစေသည်။ သို့သော် စာပေလေ့လာဖတ်ရှုရာတွင် မည်သည့်စာပေအမျိုးအစားကို ဖတ်ရှုရမည်ဆိုခြင်းထက် မိမိစိတ်ပါဝင်စားရာ၊ သိရှိလိုရာအကြောင်းအရာများပါဝင်သည့် စာအုပ်များကို ဖတ်ရှုသင့်သည်။

**စိတ်ဖိစီးမှုပြေပျောက်နည်းများ**

စားရေး၊ ဝတ်ရေး၊ နေရေးတည်းဟူသော လူမှုဘဝအရေးသုံးပါးကို အလွှာစုံအသီးသီးမှ လူသားများက ပြေလည်အောင်ဖြေရှင်းကြရသည့်အခါ မိမိကျင်လည်ကျက်စားနေရသောပတ်ဝန်းကျင်တွင် အနည်းနှင့်အများဆိုသလို စိတ်ဖိစီးမှုများကိုကြုံရစမြဲဖြစ်ပေသည်။ စိတ်ဖိစီးမှုများကိုဖြေဖျောက်သည့်အခါ မိမိဘာသာတစ်ဦးတည်းစိတ်အပန်းဖြေနည်းနှင့် မိမိပတ်ဝန်းကျင်နှင့်အတူတကွစိတ်အပန်းဖြေနည်းဟူ၍ နှစ်မျိုးရှိသည်။

**(က)မိမိဘာသာ တစ်ဦးတည်းစိတ်အပန်းဖြေနည်း**

တေးဂီတနားထောင်ခြင်း၊ သီချင်းဆိုခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ ဆံပင်ပုံစံပြောင်း၍ညှပ်ခြင်း၊ ပန်းပင်စိုက်ခြင်း၊ စာရေး၊ စာဖတ်ခြင်း၊ ဇာတိုးပန်းထိုးခြင်း သို့မဟုတ် စက်ချုပ်ခြင်း၊ အနင်းအနှိပ်ခံခြင်း၊ အိပ်ချိန်မဟုတ်သေးသော်လည်း တိတ်ဆိတ်ငြိမ်သက်ပြီး လေကောင်းလေသန့်ရသော အိပ်ရာထက်တွင် ခြေလက်ဆန့်၍ မျက်စိမှိတ်ကာအနားယူခြင်း၊ လမ်းလျှောက်ခြင်း သို့မဟုတ် စက်ဘီးစီးခြင်း အားကစားလုပ်ခြင်း၊ တရားထိုင်ခြင်း၊ ယောဂကျင့်ခြင်း၊ တရားဓမ္မစာပေများ ပွားများရွတ်ဖတ်ခြင်း၊ အိပ်ခန်းသန့်ရှင်းရေးလုပ်ခြင်း၊ ဘုရားစင်သန့်ရှင်းရေးလုပ်ခြင်း၊ နောင်တမရ နောက်ဆံမတင်းဘဲ ကြွေးမြီကင်းသော အလှူဒါနပြုခြင်း စသည်တို့က မိမိဘာသာ တစ်ဦးတည်းစိတ်အပန်းဖြေနည်းများဖြစ်ကြသည်။

**(ခ) မိမိပတ်ဝန်းကျင်နှင့် အတူတကွစိတ်အပန်းဖြေနည်း**

အိမ်မွေးတိရစ္ဆာန်လေးများကို အချိန်ပေးခြင်း၊ ကလေးငယ်များဖြင့် အဖော်ပြုခြင်း၊ တစ်ပါးသူအပေါ်ကိုယ်ချင်းစာနာစိတ်ထားပြီး အတတ်နိုင်ဆုံး သည်းခံစိတ်မွေးမြူခြင်း၊ ချစ်ခင်ရသူကို အနမ်းလက်ဆောင်ပေးခြင်း၊ ချစ်တင်းနှောခြင်း၊ မာန်မာနလျှော့ခြင်း၊ တန်ဖိုးရှိလှသောအချိန်ကို အတင်းအဖျင်းပြောဆိုခြင်းဖြင့် အချိန်ကုန်မခံခြင်း၊ မိမိပတ်ဝန်းကျင်ကို တက်ကြွလာအောင် လှုံ့ဆော်ပေးနိုင်ခြင်း၊ အပြုံးမျက်နှာချိုသောစကားတို့ဖြင့် ပြုမူနေထိုင်ခြင်း၊ ချစ်ခင်ရသူများဖြင့် အပန်းဖြေခရီးထွက်၍ အမှတ်တရများဖန်တီးခြင်း၊ အတ္တပရမ္မုတခြင်း၊ မိမိအတွေးအခေါ်ပြောဆိုနေထိုင်မှုအားလုံးသည် အကုသိုလ်ကင်းပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ဖြစ်အောင် ကြိုးစားခြင်း၊ ဒေါသမကြီးဘဲ အရာရာကိုအကောင်းမြင်တတ်ခြင်း စသည်တို့ဖြစ်သည်။ ထို့မှမက မိမိနေထိုင်မကောင်းဖြစ်လာချိန်တွင် မိသားစုနှင့်မိတ်ဆွေရင်းချာများကသာ ကိုယ့်ဘဝအတွက် အားကိုးရာဖြစ်၍ မိမိကျန်းမာအဆင်ပြေနေချိန်တွင် ထိုသူတို့ကိုလျစ်လျူမရှုဘဲ ချစ်ခင်နွေးထွေးစွာဆက်ဆံတတ်ရန်လည်း အထူးလိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

# ကော့ကရိတ်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ကော့ကရိတ် မေ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအသင်းဝင်များလိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘုရားကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၃၁ ဦးကို ငွေကျပ် ၄၀ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် စီမံကိန်းအသင်းသား၊ အသားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



ဘုရားကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာ

**သုတ**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှုခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၁၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆








## ဝန်ထမ်းအလိုရှိသည်

- Accountant မ (၁)ဦး

ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
အသက် (၂၅)နှစ်အတွင်း
Computer Excel ကျွမ်းကျင်ရမည်။
51 လမ်း၊ 134× 135 လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်။
09-401303014

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာနေ ဦးဇော်မြင့်ထွန်း-ဒေါ်ဝင်းစန္ဒာတို့၏သမီး မချမ်းမြေ့နဒီ နှင့် မချမ်းမြေ့သော်တာသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မချမ်းမြေ့နဒီ (ခ) မချမ်းမြေ့သော်တာ**

## အမည်ပြောင်း

ရွှေဘိုမြို့၊ ဗိုလ်ကုန်းရပ်၊ ဆင်ဖြူရှင်လမ်း၊ TWS ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 C-(1) မှ (အဘ) ဦးတိုးကြွယ်လင်း(၅/ရဘန(နိုင်)၀၉၄၉၁၀)၏ သမီး မဟန်သူသူကြွယ် အား မသီရိလင်းသန့် ဟု အမည်ပြောင်းလဲခေါ် ဆိုပါရန်။ **မသီရိလင်းသန့်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

ခြင်ဆေးခွေ
သုံးလျှင်
သတိယူဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

❖ ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏အနာဂတ်အတွက် အကောင်းဆုံးဖြစ်....

❖ တပ်မတော်သည် အမြဲတမ်းရှိနေမည်ဖြစ်သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ်....

❖ စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏အားဖြစ်....

❖ တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ....

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၉/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းမှ ဒသမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ အင်းလေးကန်သို့ လေ့လာရေးသွားရောက်

**တောင်ကြီး မေ ၃၀**

တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်းမှ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် အင်းလေးကန်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။

ဦးစွာ ဟူပင်ဟိုတယ်ရှိ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းဟောင်းသို့ သွားရောက်ကြည့်ရှု လေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ယခင်လူရည်ချွန်စခန်းကျင်းပခဲ့သည့် နေရာများ၊ အဆောက်အအုံများကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ လူရည်ချွန်မောင်မယ်များသည် ကြီးကြပ်ဆရာ၊ ဆရာမများ၊ ဒေသခံ ဆရာ၊ဆရာမများလိုက်ပါလျက် အဖွဲ့လိုက် စက်လှေများဖြင့် အင်းလေးဒေသ ရိုးရာစိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်သော ကေလာရေခြံသို့ သွားရောက်လေ့လာကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆



**ထူးခြားသည့် နေ့အပူချိန်များ (၃၀-၄-၂၀၂၃)**

| | |
|---|---|
| **ချောက်မြို့** ၄၄ ဒီဂရီစင်တီဂရိတ် | **အောင်လံမြို့** ၄၃ ဒီဂရီစင်တီဂရိတ် |
| **ဘောလခဲမြို့** ၄၄ ဒီဂရီစင်တီဂရိတ် | **တောင်ငူမြို့** ၄၃ ဒီဂရီစင်တီဂရိတ် |

**(၃၁)နှစ်ပြည့် ရတနာပုံသတင်းစာ**

ဆောင်းပါး စာမျက်နှာ - ၄

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257